# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၆၆)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် ၊ ၃၁-၈-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## ယနေ့ ဖတ်စရာ အညွှန်း


ကော်ဖီသောက်သုံးခြင်း အကျိုးသက်ရောက်ပုံအကြောင်း သုတေသီများ ဆက်လက်လေ့လာနေကြဆဲဟု ဆို

စာမျက်နှာ ၇

ဥဘီမန်ဒီကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း ကမ်းလှမ်း

စာမျက်နှာ ၁၁

ဂုဏ်သိက္ခာရှိသော သက်ကြီးရွယ်အိုဘဝဆီသို့ (ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေး-နေပြည်တော် ရထားလမ်းပိုင်းရှိ တံတားအမှတ်(၆၉၁) စမုံတံတားသစ်တည်ဆောက်နေမှု ၆၅ ရာခိုင်နှုန်းပြီးစီး



နေပြည်တော် ဩဂုတ် ၃၀

မန္တလေး-နေပြည်တော် ရထားလမ်းပိုင်းရှိ စမုံဘူတာနှင့် သဲတောဘူတာကြားရှိတံတားအမှတ်(၆၉၁) စမုံချောင်းတံတားသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ပျက်စီးခဲ့သဖြင့် အရှည် ၃၆၄ ဒသမ ၁၇ ပေရှိ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည် တည်ဆောက်လျက်ရှိရာ ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီး

စာမျက်နှာ ၃ သို့ ✪

## စက္ခုတစ်ထောင်၊ လူတစ်ထောင် အလင်းဆောင်မည့် မျက်စိခွဲစိတ်အလှူ အစီအစဉ်ဖြင့် မျက်စိလူနာ ၅၀၀ ကျော်ကို ခွဲစိတ်ကုသပေးထား



ရန်ကုန် ဩဂုတ် ၃၀

"စက္ခုတစ်ထောင်၊ လူတစ်ထောင် အလင်းဆောင်မည့်"ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မျက်စိခွဲစိတ်အလှူအစီအစဉ်တွင် မျက်စိလူနာ ၅၀၀ ကျော်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဌာနဝိဟာရသံဃာ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က ပြောသည်။

အဆိုပါ မျက်စိခွဲစိတ်အလှူအစီအစဉ်ကို မျက်စိအတွင်းတိမ်နှင့် မျက်သားခြစ်ကဲ့သို့သော မျက်စိရောဂါများကြောင့်

စာမျက်နှာ ၃ သို့ ○

## မိတ္ထီလာမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ဧက ၁၃၀၇၀ စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး မိုးစပါးများ စတင်စိုက်ပျိုး

မိတ္ထီလာ ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ဧက ၁၃၀၇၀ စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး မိုးစပါးများ စတင်စိုက်ပျိုးလျက်ရှိသည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း မိုးစပါးစိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် စိုက်ပျိုးသည့် မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း ဆည်ရေကန်ရေများနှင့် ဆည်ရေကန်ရေမရရှိသည့် ဒေသများတွင် မိုးရေများဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၃၀၇၀ စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့သည်။ ထိုသို့ သတ်မှတ်လျာထားသည့် စိုက်ဧကများကို ဒေသခံတောင်သူများက တိုက်ရိုက်စိုက်ပျိုးနည်းစနစ်နှင့် ပျိုးထောင်စိုက်ပျိုးနည်းစနစ်များကို အသုံးပြု၍ မိုးစပါးများကို စတင်စိုက်ပျိုးလျက်ရှိသည်။

မိတ္ထီလာမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ခုနှစ်၌ ကျေးရွာအုပ်စု(၅၃)အုပ်စုမှ ကွင်း(၂၉၅)ကွင်းရှိ တောင်သူ ၈၄၄၀ ဦးမှ မိုးစပါးစိုက်ဧက ၁၃၀၇၀ စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း သိရသည်။

(၄၆၉)



## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဩဂုတ် ၃၀

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် - ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း- အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၃၀

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ တနင်္လာနေ့။

မန္တလေးနေ့စဉ်

## မွေးမြူရေးဇုန်များအတွင်း လုပ်ငန်းများ တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာတွင် မြေပြင်အခြေခံကိန်းဂဏန်း အချက်လက်များ ပြည့်စုံပြီး မှန်ကန်မှုရှိရေးသည် အဓိကကျပြီး ယင်းအချက်အလက်များကို အခြေခံတွက်ချက်၍ စီမံချက်များရေးဆွဲကာအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတက ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥများလုံလောက်စွာ ဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီမံတွက်ချက်လျာထားဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ချထားပေးသည့် မြေနေရာများအား အခြားနည်းများဖြင့် သုံးစွဲမှုများမရှိအောင်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လှောင်မွေးခြင်း၊ လှန်မွေးခြင်းနှင့် လွှတ်ကျောင်း၍ မွေးခြင်းဆိုသည့် မွေးမြူနည်းသုံးမျိုးရှိကြောင်း၊ ထိုသို့မွေးမြူရာတွင်လည်း နည်းလမ်းများအလိုက် နည်းစနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ လှောင်မွေးခြင်းစနစ်ကို ဆောင်ရွက်ရာတွင်လည်း တိရစ္ဆာန်များကို အစာနှင့် ရေများ လုံလောက်စွာဖြင့် ပြည့်ပြည့်ဝဝ ကျွေးမွေးရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း(၄)သွယ်သည် မဖြစ်မနေလိုအပ်ကြောင်း၊ မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားအလိုက် မျိုးကောင်းမွန်မှုသာ ထုတ်လုပ်မှုများ တိုးတက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေပြုပြင်ခြင်းလုပ်ငန်း၌ မြေသြဇာများထည့်သွင်းအသုံးပြုရသကဲ့သို့ မွေးမြူရေးလုပ်ငန်းတွင်လည်း တိရစ္ဆာန်အစာကို လုံလောက်စွာ ကျွေးမွေးနိုင်ရန် လိုအပ်သဖြင့် တိရစ္ဆာန်အစာများ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာ ရရှိရန်လိုသကဲ့သို့ တိရစ္ဆာန်များအတွက်လည်း သန့်ရှင်းသော ရေလုံလောက်စွာ ရရှိရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ နည်းစနစ်တကျမွေးမြူပြီး အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာစေရေး အကောင်အရေအတွက်အလိုက် လိုအပ်မည့် မွေးမြူမည့်နေရာ ပမာဏ၊ ရေ၊ အစာနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်၊ စဉ်ဆက်မပြတ်သည့် မွေးမြူထုတ်လုပ်မှုစသည်ဖြင့် စနစ်ကျနသည့် မွေးမြူရေးအစီအမံများ ရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွံတေးမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်များအတွင်း မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပြီး တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ အသား၊ ငါးနှင့် ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး စနစ်တကျ စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး၊ လက်ကမ်းစာစောင်များဖြန့်ဝေ

**ကျောက်ဆည် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယနေ့နံနက် ၉ နာရီက ရန်ကုန်-မန္တလေးကားလမ်း၊ ပတ္တမြားကားဂိတ်အနီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အမှတ်(၈၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကျောက်ဆည်ခရိုင်)မှ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ခင်မောင်စိုးဦးဆောင်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ခရီးသည်တင်ယာဉ်များနှင့် အိုးဝေ စုစုပေါင်း ယာဉ်အစီးရေ ၃၀ အား ညာဘက်ယာဉ်ကြောမှ ကပ်၍ မောင်းနှင်ရန် အသိပညာပေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

၀-၀-၀

## ပြင်ဦးလွင်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြင်ဦးလွင် မြို့ရှောင်လမ်းမှ နောင်လှိုင်လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများ ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၈၂၀၊ လူဦးရေ ၂၈၉၃ ဦး၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့တင်ပို့၊ ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

၀-၀-၀-၀-၀

## ကျန်းမာရေးအထောက်အကူပြု ရန်ပုံငွေရရှိရေးအတွက် ပန်းချီရေးဆွဲပွဲနှင့် ရောင်းချပွဲကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးပန်းချီဆရာများ ကျန်းမာရေးအထောက်အကူပြုရန်ပုံငွေရရှိရေးအတွက် ပန်းချီရေးဆွဲပွဲနှင့် ရောင်းချပွဲကို ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၇လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄ လမ်းကြားရှိ Collectors Soul Art Gallery ပန်းချီပြခန်းတွင် ကျင်းပသည်။



အဆိုပါအစီအစဉ်တွင် မန္တလေးမြို့မှ ပန်းချီဆရာ ၁၀ ဦးက လက်တွေ့ပန်းချီရေးဆွဲကြခြင်း၊ လာရောက်ရန် အခက်အခဲရှိသည့် ပန်းချီဆရာများက ရေးဆွဲပြီး ပန်းချီကားချပ်များကို ပေးပို့ကြပြီး ပြပွဲသို့ ပန်းချီကား စုဆောင်းသူများ၊ ပန်းချီအနုပညာ စိတ်ပါဝင်စားသူများ လာရောက်ခဲ့ကြကြောင်း သိရသည်။ (၀၇၀)

## ဥပဒေရေးရာဝန်ကြီးဌာန၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

ဥပဒေရေးရာဝန်ကြီးဌာန၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဥပဒေရေးရာဝန်ကြီးဌာန၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနား ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ **(အောက်ပုံ)**



ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန၏ Video Clip ကို ပြသခဲ့ပြီး၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန်က ဥပဒေရေးရာဝန်ကြီးဌာန၏ သမိုင်းကြောင်းကို ဖတ်ကြားခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းများကို Video Clip ဖြင့် ပြသခဲ့သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသား၊ သမီးများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထူးချွန်ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ရုံးဝန်ထမ်းများအား ကံစမ်းမဲအစီအစဉ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

✪ ရှေ့ဖုံးမှ
လာမည့်နှစ် မတ်လကုန်တွင် တံတားနှင့်ချဉ်းကပ်ရထားလမ်းများအားလုံးပြီးစီးကာ အစုန်၊ အဆန် ရထားများ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ စမုံချောင်းတံတားအသစ်တည်ဆောက်နေမှုနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့နှင့်အတူ ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်ရွက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ချဉ်းကပ်ရထားလမ်းများအား တံတားနှင့်တစ်ပြိုင်တည်း ပြီးစီးရေးဆောင်ရွက်ရန်၊ ချောင်းကမ်းပါးနံရံများ ပြိုကျပိတ်ဆို့မှုမရှိစေရေး မြေထိန်းနံရံများ ဆက်လက်ဆောင်ရွက်ရန်၊ ရေလမ်းကြောင်း ကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

အလားတူ ယနေ့တွင် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရထားပို့ဆောင်ရေးလုပ်ငန်းသည် Public Transportation အတွက် အရေးပါသည့် လုပ်ငန်းဖြစ်ကြောင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုအတွက် အခြေခံကျသည့် လူစီးတွဲနှင့်ကုန်တွဲများ တည်ဆောက်ပြုပြင်မှုကို အဓိကဆောင်ရွက်ရသော စက်ရုံတစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ကျေပြွန်စွာ ထမ်းဆောင်ခြင်းဖြင့် ဂုဏ်ယူတတ်စေရန် လိုအပ်ကြောင်း ပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်၍ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ စကျူတစ်ထောင်မှ
အမြင်အာရုံထိခိုက်နေသူများ ခွဲစိတ်ကုသမှုရရှိစေရန်နှင့် အမြင်အာရုံ ပြန်လည်ရရှိစေရန် ရည်ရွယ်၍ အများပြည်သူ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယင်းအစီအစဉ်အရ ပျဉ်းမနားသံဃာ့ဆေးရုံ၊ မြောင်းမြဆေးရုံနှင့် မန္တလေးမြို့ရှိ မြစ်ငယ်မီးရထားဆေးရုံတို့တွင် မျက်စိခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ပြီး ယခုအချိန်အထိ မျက်စိလူနာ ၅၀၀ ကျော်အား ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီဟု သိရသည်။

ထို့အပြင် မန္တလေးမြို့ရှိ မြစ်ငယ်မီးရထားဆေးရုံကြီးတွင်လည်း မျက်စိခွဲစိတ်ကုသမှုများ ဆက်လက်ပြုလုပ်ပေးခဲ့ရာ ဩဂုတ် ၁၅ ရက်တွင် မျက်စိအတွင်းတိမ်လူနာ ၁၂ ဦးနှင့် မျက်သားခြစ်လူနာ နှစ်ဦး၊ စုစုပေါင်း ၁၄ ဦးကိုလည်းကောင်း၊ ဩဂုတ် ၂၂ ရက်တွင် မျက်စိအတွင်းတိမ်လူနာ ၁၆ ဦးနှင့် မျက်သားခြစ်လူနာ လေးဦး စုစုပေါင်းလူနာ ၂၀ ကို ထပ်မံခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ယင်းသို့ ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မြစ်ငယ်မီးရထားဆေးရုံကြီးတွင် ယနေ့အထိ မျက်စိအတွင်းတိမ်လူနာ ၁၀၅ ဦးနှင့် မျက်သားခြစ်လူနာ ၁၁ ဦး စုစုပေါင်း လူနာ ၁၁၆ ဦးကို ခွဲစိတ်ကုသပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်စိခွဲစိတ်အလှူအစီအစဉ်တွင် အလှူရှင်များအနေဖြင့် မျက်စိတစ်လုံးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် မိမိကိုယ်တိုင် ငွေကျပ် နှစ်သိန်း ထည့်ဝင်လှူဒါန်း၍ မျက်စိခွဲစိတ်ကုသမှုခံယူလိုသူများအနေဖြင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

MT

## ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ လျှပ်စစ်ဓာတ်အား ပျက်ဆုံးမှုမရှိစေရေး၊ အွန်လိုင်းမီတာလျှော့ကျထားနိုင်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၃၀**

တောင်ကြီးမြို့ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ၊ ဟိုပုန်းမြို့ ၆၆/ ၃၃ ကေဗွီဓာတ်အားခွဲရုံ၊ ပင်းပက် သံမဏိစက်ရုံအတွင်း တည်ဆောက်မည့် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံနှင့် တောင်ကြီးပင်မဓာတ်အားခွဲရုံအတွင်း တိုးချဲ့တည်ဆောက်လျက်ရှိသည့် ၂၃၀/ ၁၃၂ ကေဗွီ ၁၅၀ အမ်ဗွီအေ Switchbay တည်ဆောက်နေမှု အခြေအနေများကို ယမန်နေ့က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးမီးလင်းရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်တာဝန်များ၊ အွန်လိုင်းမီတာလျှော့ကျထားမှုများအတွက် ပြင်ဆင်ထားရှိရမည့် အခြေအနေ၊ ဓာတ်အားပျက်ဆုံးမှု လျှော့နည်းကျဆင်းရေး၊ ဓာတ်အားခများ ကောက်ခံရရှိရေး၊ ဌာနဝင်ငွေ တိုးပွားရေးနှင့် တရားမဝင်ဓာတ်အား သုံးစွဲမှုများအား ဖော်ထုတ်ရေး မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ အွန်လိုင်းမီတာ လျှော့ကျထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဩဂုတ် ၂၈ ရက်က ပင်လောင်းမြို့နယ် အတွင်းရှိ တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ တောင်ကြီးခရိုင်အတွင်းရှိ ဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပေးစက်ရုံ ထိန်းချုပ်ခန်းနှင့် ကျောက်မီးသွေးအခြောက်ခံစက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေင်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေး လုပ်ကွက်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စင်ကာပူရောက် မြန်မာနိုင်ငံသားများ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရာတွင် သံရုံး၏ တရားဝင်ထုတ်ပြန်ချက်များအတိုင်းသာ ဆောင်ရွက်ရန် မြန်မာသံရုံး မေတ္တာရပ်ခံ

**ရန်ကုန် ဩဂုတ် ၃၀**

စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံကူးလက်မှတ် (Passport)သက်တမ်းတိုးမြှင့်ခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာသံရုံး၏ တရားဝင်အသိပေးကြေညာချက်များအတိုင်းသာ အခြေခံ၍ ဆောင်ရွက်ကြရန် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးက မေတ္တာရပ်ခံအသိပေးထားသည်။

လက်ရှိတွင် အမျိုးအစားပြောင်းလဲလျှောက်ထားမည့်သူများနှင့် ရက်ချိန်းရယူထားသူများအနေဖြင့် PT၊ PE၊ PS သို့ ပြောင်းလဲလျှောက်ထားသူများသည် သံရုံး၏ကြေညာချက်ပါ လိုအပ်သောအချက်အလက်များကို သံရုံး၏ တရားဝင်အီးမေးလ်သို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ PV မှ PJ သို့ သက်တမ်းတိုးမြှင့်သူများသည် မိမိတို့ရယူထားသည့် ရက်ချိန်းအတိုင်း ခေတ္တစောင့်ဆိုင်းပေးကြရန် လိုအပ်သည်။

အဆိုပါ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သံရုံးမှ ကြေညာချက်အသစ်ထုတ်ပြန်လာမှသာ ထိုလမ်းညွှန်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရန် ထပ်မံအသိပေးထားသည်။ ထို့ပြင် လျှောက်လွှာဖြည့်သွင်းရာတွင် (Form) ပုံစံနှစ်မျိုးရှိသဖြင့် မိမိနှင့် သက်ဆိုင်သည့် Form ကို သေချာစွာရွေးချယ်ဖြည့်စွက်ရန်နှင့် ကြေညာချက်များကို အစမှအဆုံးအထိ သေချာစွာဖတ်ရှုကြရန် သံရုံးက တိုက်တွန်းထားသည်။

လျှောက်လွှာဖောင် ဖြည့်သွင်းပြီးပါက သတ်မှတ်ချက်နှင့်အညီ ဓာတ်ပုံကို သေချာစွာကပ်၍ PDF ဖိုင်ပြုလုပ်ကာ ပေးပို့ရမည်ဖြစ်ပြီး WhatsApp မှတစ်ဆင့် PDF ဖိုင်ပြုလုပ်နိုင်သည့် နည်းလမ်းများကိုပါ မျှဝေပေးထားကြောင်း သိရသည်။

TWA

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| နာပိုလီ | ၁ - ၂ | ကိုမို | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| ဗီးရဲလ်ရီးရဲလ်ဗက်အရစ် | ၄ - ၀ | မာလာဂါ | |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| ပါရီ | ၃ - ၀ | နိစ် | |
| ရင်းနက်စ် | ၃ - ၂ | လီမန်းစ် | |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| ဖရိုင်းဘတ် | ၄ - ၁ | ဝါဒါဘရီမင် | |
| အော့ဘတ် | ၃ - ၀ | ရှော်လ်ကေး | |

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် သြဂုတ် ၃၀

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရတနာစတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မာရဝိဇယကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒအရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်တွင် ပက်ဖျန်း၊ ကြဲဖြန့်၊ ချည်နှောင်၊ တားဆီး၊ ကာရံကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရတနာစတီးမဏ္ဍိုင်တော်ပုံတော်ကို ဆက်ကပ်လှူဒါန်း၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အောင်စည်သာပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘန္ဒန္တဝိစက္ခဏ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဥပါသကာများဦးဆောင်ပြီး ဘုရားဒါယကာများက ရတနာစတီးမဏ္ဍိုင်တော် အစိတ်အပိုင်းများကို လိုဏ်တော်အတွင်း၌ လက်ယာရစ်လှည့်လည်ပင့်ဆောင်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ငြမ်းထက်သို့ ပင့်ဆောင်ကြကာ အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြား၍ မင်္ဂလာအချိန်တွင် ဘုရားဒါယကာများက ရတနာစတီးမဏ္ဍိုင်တော်ကို စိုက်ထူပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဘောဇနသာလဆွမ်းစားဆောင်၌ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အလုပ်သမားဆေးရုံ(ထန်းတပင်)၌ ကျောက်ကပ်သွေးသန့်စင်ဆေးကြောနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ



ရန်ကုန် သြဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားလူနာများ ငွေကြေးစိုက်ထုတ်ကုန်ကျမှုမရှိဘဲ ပိုမိုလွယ်ကူအဆင်ပြေစေရန် လှိုင်သာယာမြို့နယ်ရှိ အလုပ်သမားဆေးရုံ (ထန်းတပင်)တွင် နာတာရှည် ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုဆောင်ရွက်နိုင်ရေး၊ ကျောက်ကပ်သွေးသန့်စင်စက်သုံးလုံး တပ်ဆင်နိုင်ရေးနှင့် ရေသန့်စက်များတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စီစဉ်ဆောင်ရွက်နေမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန် အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေး ဆေးခန်းများ၊ ဌာနကြီးဆေးခန်း၊ စာချုပ်ဆေးခန်းများဖြင့် ဆေးကုသမှုဝန်ဆောင်မှုများအပြင် နာတာရှည် ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုများကို အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်စက်လေးလုံးဖြင့် တစ်လပျမ်းမျှ လူနာဦးရေ ၁၂၆ ဦးအား အကြိမ် (၁၃၀) ကျောက်ကပ်သွေးသန့်စင် ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားဆေးရုံကြီး (မန္တလေး) တွင်လည်း တစ်လပျမ်းမျှလူနာ ၁၄ ဦးအား (၁၀၁)ကြိမ် ကျောက်ကပ်သွေး သန့်စင်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံစနစ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဓိကလုပ်ငန်းစဉ်အနေဖြင့် အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်ပေးခြင်းတို့အား ဆောင်ရွက်လျက်ရှိပြီး လူမှုဖူလုံရေးစီမံကိန်းအရ အကျုံးဝင်အာမခံအလုပ်သမားများကို ဆေးကုသပေးသည့် ဝန်ဆောင်မှုကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၂၄ မှ

နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ– တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။




သြဂုတ် ၃၁ရက်တွင် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) ၂၀၂၅-၂၀၂၆ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)၏ ၂၀၂၅-၂၀၂၆ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံ မြို့နယ်ရှိ ရတနာပုံစူပါစင်တာ(၄)လွှာ၊ MRCCI တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်း၊ မန္တလေးတိုင်း ဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) ဂုဏ်ထူးဆောင် နာယကများ၊ မန္တလေးမြို့အခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ MRCCI ဥက္ကဋ္ဌ ဦးတင်လတ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ နှင့် အသင်းသား၊ အသင်းသူများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် MRCCI သည် စီးပွားရေးလုပ်ငန်းရှင်များ စုစည်းကိုယ်စားပြုပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား အရေးပါသည့် ပေါင်းကူးတံတားတစ်ခုဖြစ်ပါကြောင်း၊ အသင်းဝင် ၄၂၄၉ ဦးနှင့် ညီနောင်အသင်း ၄၉ သင်း ရှိလာပြီး အသင်းဝင်များနှင့် ညီနောင်အသင်းများ၏ အင်အားတို့နှင့်ပေါင်းစပ်ထားသည့် Mandalay Business Community ၏ အင်အားဖြစ်ပါကြောင်း၊ ညီနောင်အသင်းများ ပိုမိုအားကောင်းလာစေရန်၊ MSMEများ၏ ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရန်၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့် ကုန်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်နိုင်ရန်၊ နိုင်ငံတကာ ဈေးကွက်နှင့် ချိတ်ဆက်ပေးသည့် Gateway တစ်ခုအဖြစ် ပိုမိုအားကောင်းလာစေရန် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် MRCCI မှ ဂုဏ်ထူးဆောင်နာယက နှင့် တာဝန်ရှိသူများက MRCCI အသင်း၏ ၂၀၂၅-၂၀၂၆ သက်တမ်း အသင်းသားစုံညီနှစ်ပတ်လည် အခမ်းအနားနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်း၊ နည်းပညာပိုင်းဆိုင်ရာများ ပံ့ပိုးကူညီနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) နှင့် Global Technology Co.,Ltd; တို့အကြား နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## ချမ်းအေးသာစံမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်း ကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်း ကို ယမန်နေ့နံနက်ပိုင်းက သီရိဟေမာအနောက်ရပ်ကွက် သိမ်ကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေးနှင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်တို့က အမှာစကား အသီးသီးပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းကို ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးစန်းမောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ချမ်းအေးသာစံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာသီတာဝင်း၊ မြို့နယ်လျှပ်စစ် ဒုတိယမန်နေဂျာနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်တို့က ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများက ရပ်ကွက်အတွင်းရှိ အများပြည်သူများအတွက် လိုအပ်ချက်များကို ဆွေးနွေးကြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**

## ညောင်ဦးမြို့နယ်၊ ကုန်းရှည်ကျေးရွာ၌ သောက်သုံးရေဖူလုံစေရန် စက်ရေတွင်းအား ဆိုလာစနစ်တပ်ဆင်လှူဒါန်း

**ညောင်ဦး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းရှည်ကျေးရွာတွင် ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ဩဂုတ် ၂၉ ရက်က ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတ ရေလှူအဖွဲ့က အဆိုပါ ကျေးရွာစက်ရေတွင်းအား ဆိုလာစနစ် တပ်ဆင်လှူဒါန်းပေးခဲ့သည်။



ညောင်ဦးမြို့နယ်၊ ကုန်းရှည်ကျေးရွာတွင် အိမ်ထောင်စု ၂၀၀ ကျော်၊ လူဦးရေ ၁၀၀၀ ကျော် နေထိုင်လျက်ရှိပြီး ကျေးရွာနေပြည်သူများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ကြကြောင်းနှင့် သောက်သုံးရေအတွက် ကျေးရွာရှိ စက်ရေတွင်းကိုသာ မှီခိုအားထားနေရပြီး ယခုအခါ စက်ရေတွင်း၌ တပ်ဆင် အသုံးပြုထားသော မီးစက်အင်ဂျင်မှာ ချို့ယွင်းပျက်စီးနေသဖြင့် သောက်သုံးရေ အခက်ကြုံနေကြောင်း ကျေးရွာပြည်သူများထံမှ သိရသည်။

အဆိုပါ ကျေးရွာရှိ ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ယမန်နေ့က ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က စေတနာအလှူရှင် ဦးကောက်ကီဟန်နှင့် သားသမီးတစ်စုက လှူဒါန်းသော ငွေကျပ်သိန်း ၆၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေ ၈၉၆၂၇၅၉ ကျပ်၊ ပရဟိတအသင်းမှ ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းငွေကျပ် သိန်း ၁၅၀ ကျော်ဖြင့် ကျေးရွာစက်ရေတွင်းအား (၂၄)နာရီ သောက်သုံးရေ ရယူသုံးစွဲနိုင်ရန်အတွက် ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိပြီဖြစ်ကြောင်း သိရသည်။

**(ဓါတ်ပုံ)**

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပင်စင်စားများအား ပင်စင်ငွေများ ထုတ်ပေးလျက်ရှိ

**ကသာ ဩဂုတ် ၃၀**

ကသာမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပင်စင်ရပ်တန့်ခဲ့သည့် ပင်စင်စားများအတွက် နိုင်ငံတော်မှ ပင်စင်ငွေများ ပြန်လည်ထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၆ ရက်က ပင်စင်လာရောက်ထုတ်ယူသူများပြားခဲ့သည်။

အဆိုပါ ပင်စင်ငွေများကို ပင်စင်ရပ်တန့်ခဲ့သည့်ကာလအလိုက် ရှစ်လစာနှင့် ၁၁ လစာအထိ ပြန်လည်ထုတ်ပေးလျက်ရှိပြီး လာရောက်ထုတ်ယူသူများအနေဖြင့် သတ်မှတ်ထားသည့် ပင်စင်ငွေများကို တစ်ကြိမ်တည်း ပြန်လည်ရရှိကြသည်။

"ပင်စင်လာထုတ်တာ ရှစ်လစာရှိသလို ၁၁ လစာအတွက်လည်း လာထုတ်ရပါတယ်။ အခုလို ပင်စင်ငွေတွေ ပြန်လည်ထုတ်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာရပြီး အများကြီး ကျေးဇူးတင်ပါတယ်"ဟု ပင်စင်လာရောက်ထုတ်ယူသူတစ်ဦးက ပြောသည်။

ထို့အပြင် ကသာမြို့နယ်ရှိ အစိုးရဘဏ်မှ သက်ကြီးရွယ်အိုဘိုးဘွားပင်စင်စားများ အဆင်ပြေစွာ ပင်စင်ငွေများ ထုတ်ယူနိုင်ရေးအတွက် ဘဏ်ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၅၇)**



# စွယ်တော်မြတ်စေတီတော်တည်ထားကိုးကွယ်ရန် ပန္နက်တော်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား ကျင်းပ



**ချောက် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ ဉာဏ်တော် ၉၉ ပေအမြင့်ရှိ စွယ်တော်မြတ်စေတီ တည်ထားကိုးကွယ်ရန် ပန္နက်တော်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက အမှတ်(၅) ရပ်ကွက်၊ ရွှေသူဌေးကုန်းတော်ပေါ်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာသူများက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ချောက်မြို့ မင်္ဂလာသာစည်ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ သာရ ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ဆရာတော်များထံ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆက်ကပပြီး သံဃာတော်ထံမှ မေတ္တသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ထို့နောက် စေတီတော်ဝတ္ထုကံမြေနယ်နိမိတ်ဆုံးရာ အရှေ့အရပ်မှစ၍ အရပ်ရှစ်မျက်နှာတွင် ပန္နက်တော်ရိုက်ရန် လက်ယာရစ်ပတ်ကာ နိမိတ်ကျောက်နှင့် ပရိတ်ရေအိုးတို့ကို မြှုပ်နှံ၍ နိမိတ်အရံအတားပြုခြင်း၊ ပရိတ်ရေ၊ ပရိတ်ချည်တို့ကို ပက်ဖျန်းချည်နှောင်ခြင်းတို့ ပြုလုပ်ကြသည်။

ဆက်လက်၍ ပန္နက်တော်နှင့် တွင်းတော်ဝန်းမင်္ဂလာပြုလုပ်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ ဦးဝင်းနိုင်ဦး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အဖွဲ့ဝင်များက တိုင်းဒေသကြီးသာသနာရေးမှူး ဦးကျော်လှိုင် အခမ်းအနားမှူးက မင်္ဂလာအချိန်ကျရောက်ကြောင်း ကြေညာသည်နှင့် အရပ်ရှစ်မျက်နှာ၌ သတ်မှတ်ထားသောနေရာတို့တွင် နေ့နံရှင်များအလိုက် ပန္နက်တော်နှင့်တွင်းတော်ဝန်းမင်္ဂလာ ကျင်းပခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဝင် ချောက်မြို့ ရွှေပုံတောင် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တတိက္ခသာရထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ကျော်မိုး(ပြန်/ဆက်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် ဆိုင်ကယ်စီးဦးထုပ် မဲဖောက်ပေး

**ကျောက်မဲ ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ရွှေ၊ အမှတ်(၁၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ထွန်းနိုင်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ ပင်လုံလမ်းမပေါ်တွင် ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲမောင်းနှင်သည့် ဒေသခံများအား အသိပညာပေးဟောပြောပွဲသို့ တက်ရောက်စေခဲ့သည်။

အခမ်းအနားတွင် ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ထွန်းနိုင်မြင့်နှင့် ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာနမှ ခရိုင်မှူး ဦးမျိုးအောင်လင်းတို့က ပရိုဂျက်တာဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြသည်။



ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင် ၂၀၀ အား ဖြန့်ဝေပေးခဲ့ပြီး ဆိုင်ကယ်စီးဦးထုပ် အလုံး ၅၀ ကို မဲနှိုက်မဲဖောက်ပေးပွဲစနစ်ဖြင့် ပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ဂန့်ဂေါမြို့တွင် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး Pfizer ထိုးနှံပေး

**ဂန့်ဂေါ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ဂန့်ဂေါမြို့တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အသက်(၁၈)နှစ်ပြည့်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer ထိုးနှံပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီခွဲက ကျောတိုက်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)တွင် ဆောင်ရွက်ခဲ့သည်။ (အောက်ပုံ)

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၁) ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက အသက်(၁၈)နှစ်ပြည့်ပြီးသည့် အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)တွင် ဖွင့်လှစ်ထားသည့် ကျောင်းပြင်ပအလယ်တန်းပညာရေးကျောင်းမှ ကျောင်းသားငါးဦးနှင့် ကျောင်းသူ ၂၈ ဦး၊ ပေါင်း ၃၃ ဦးနှင့် အ.ထ.က (ဂန့်ဂေါ)ကျောင်းမှ ကျောင်းသားခြောက်ဦးနှင့် ကျောင်းသူကိုးဦး၊ ပေါင်း ၁၅ ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၄၈ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer ကို ထိုးနှံပေးခဲ့ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံရာသို့ ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒေါ်ယဉ်နွဲ့ဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ခံခရိုင်ပညာရေးမှူး ဦးမြင့်ဝင်း၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးဟန်စိုးစိုးနှင့် ကျောတိုက်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မျိုးမင်း(ပြန်/ဆက်)

*- *- *- *- *- *- *



# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ကျင်းပ

**ဒက္ခိဏ ဩဂုတ် ၃၀**

ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရွှေအင်ကြင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက လူငယ်စကားဝိုင်းများ ကျင်းပရခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး လူငယ်နှင့်ကိုယ်ကျင့်တရား ခေါင်းစဉ်အောက်မှ အကြောင်းအရာများကို Grade-9 ကျောင်းသားများဖြစ်ကြသည့် မောင်ဟိန်းထက်စိုးနှင့် မောင်နိုင်ဖြိုးဝေ၊ Grade-8 ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်စွမ်းပြည့်ဖြိုးနှင့် မယဉ်မီမီထွန်း၊ Grade-6 ကျောင်းသူ မယွန်းရတီဦးတို့က အသီးသီး ဆွေးနွေးကြကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေး

**သာစည် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မိုးရေကာဖျင်စက်ရုံမှ အာမခံအလုပ်သမား ဦးယဉ်ငွေး၏အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးထက်လွင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများ၊ မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှု မီးဖွားမှုအတွက် ဆေးကုသမှုငွေကြေး အကျိုးခံစားခွင့်၊ မီးဖွားစရိတ်နှင့် ထပ်ဆောင်းဝန်ဆောင်မှုများအကြောင်း၊ အာမခံအလုပ်သမားသေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုနှင့် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် စသည့် အာမခံအလုပ်သမားများခံစားရမည့် အကျိုးခံစားခွင့်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးထက်လွင်၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်းတာဝန်ခံဆရာဝန်နှင့် တာဝန်ရှိသူများက သာစည်မြို့နယ် မိုးရေကာဖျင်စက်ရုံမှ အာမခံအလုပ်သမား ဦးယဉ်ငွေး၏ အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်း မသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၄,၈၆၄,၈၆၀ ကို ပေးအပ်ရာ ဦးယဉ်ငွေးနှင့် စက်ရုံတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(၄၈၇)

*- *- *- *- *- *- *

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Thai Cave Rescue ဖြစ်ရပ်မှန်ဇာတ်ကား ရင်ထဲထိအောင် ရိုက်ကူးထား




တစ်ကမ္ဘာလုံးကျော်ကြားမှု ဖြစ်ခဲ့သော ၂၀၁၈ ခုနှစ် ထိုင်းနိုင်ငံ၏ ဖြစ်ရပ်မှန်ကို အခြေခံ ရိုက်ကူးထားသည့် Thai Cave Rescue မှာ ရင်ထဲထိအောင် ရိုက်ကူးပြသနိုင်ခဲ့ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ကျောင်းသား ၁၂ ယောက်နှင့် နည်းပြတစ်ဦး ဘောလုံးကန်အပြီး ဂူတစ်ဂူထဲ အနားယူရင်း ရေကြီးမှုကြောင့် ဂူထဲမှ ပြန်ထွက်မရ ဖြစ်ခဲ့ကြရာမှ ထိုင်းနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းမှ စိတ်ပူပန်ခဲ့ကြပုံ၊ ကယ်ဆယ်ရေးသမားများ ခက်ခက်ခဲခဲ ကယ်ထုတ်ခဲ့ရပုံ ဖြစ်ရပ်မှန်ကို ရိုက်ကူးတင်ဆက်ထားသည်။

ထိုင်းအပါအဝင် အခြားနိုင်ငံများက မှတ်တမ်းနှင့် ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးဖန်တီးထားကြပြီး Thai Cave Rescue ကို အပိုင်း(၆) ပိုင်းနှင့် ဒရာမာဆန်စွာ ရိုက်ကူးတင်ပြခဲ့ရာ မိဘနှင့် သားသမီးကြား အယူအဆလွဲမှားမှု၊ မိဘများ၏ သောကအပူ၊ လူတစ်ဦးကို လက်လွှတ်ရမည့် အချိန်မှ တန်ဖိုးနားလည်ပုံတို့ကို ရင်ထဲထိအောင် ရိုက်ကူးတင်ဆက်ထားသည်။

(SKY)

## ကော်ဖီသောက်သုံးခြင်း အကျိုးသက်ရောက်ပုံအကြောင်း သုတေသီများ ဆက်လက်လေ့လာနေကြဆဲဟု ဆို



မကြာခဏ ကော်ဖီသောက်သုံးလေ့ရှိခြင်းသည် ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ အစာခြေစနစ်နှင့် လိင်ဟော်မုန်းပမာဏ ကွဲပြားမှုတို့နှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရှိရသော်လည်း တိုက်ရိုက်အကျိုးအကြောင်း ဆက်စပ်မှုကို အတည်မပြုနိုင်သေးသဖြင့် သုတေသီများ ဆက်လက်လေ့လာနေဆဲဖြစ်သည်။

နေ့စဉ် ကော်ဖီသောက်သည့်အလေ့အထသည် အမျိုးအစား-၂ ဆီးချိုရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြေ လျော့ချပေးမှုနှင့် ဆက်စပ်နေကြောင်း အကြိမ်ကြိမ် တွေ့ရှိထားသော်လည်း ကော်ဖီနှင့် ထိုကျန်းမာရေး အကျိုးကျေးဇူးများ မည်သို့မည်ပုံ တိုက်ရိုက်ဆက်စပ်နေသနည်းဆိုသည်မှာ မရှေရာသေးဟု ဆိုသည်။

ဖင်လန်နိုင်ငံမှ သုတေသနသစ်တစ်ခု၏ ဖော်ပြချက်အရ မကြာခဏ ကော်ဖီသောက်သုံးခြင်းသည် ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ အစာခြေစနစ်ပြောင်းလဲမှုဆိုင်ရာ အမှတ်အသားများနှင့် လိင်ဟော်မုန်းပမာဏတို့နှင့် ဆက်စပ်နေပြီး ထင်ရှားသောဖြစ်တည်မှုပုံစံအချို့မှာ အမျိုးသားနှင့် အမျိုးသမီးအကြား ကွဲပြားမှုရှိကြောင်း သိရသည်။

(SCI)

## Justin Biber ၂၀၂၆ ခုနှစ်၏ King of Pop ဖြစ်လာ

၂၀၂၆ ခုနှစ်၊ ဧပြီလလယ်တွင် ဂျက်စတင်ဘီဘာသည် ကမ္ဘာကျော် Coachella ဂီတပွဲတွင် ခေါင်းစီး Headliner အနေဖြင့် ပါဝင်ဖျော်ဖြေနေ၍ ၂၀၂၆ ခုနှစ်၏ King of Pop ၏ နန်းတက်ပွဲ ပြန်စသည့်နှစ် ဖြစ်လာသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျက်စတင်ဘီဘာက ပထမပတ် ဖျော်ဖြေပွဲတွင် သူ၏အောင်မြင်ခဲ့သည့် သီချင်းဟောင်းများအပြင် အသစ်ထွက်ရှိထားသည့် Swag နှင့် Swag 2 အယ်လ်ဘမ်ထဲမှ သီချင်းများကို တင်ဆက်ခဲ့သည်။

သူ၏ ဖျော်ဖြေမှုမှာ Ramsay Hunt Syndrome ကြောင့် နားနေခဲ့သည့်နှစ်များအပြီး အကြီးကျယ်ဆုံး ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် အယ်လ်ဘမ်နှစ်ခုကို ရက်ပိုင်းအကွာ ဖြန့်ချိထားပြီး ၂၀၂၆ ဂရမ်မီ ဆုပေးပွဲတွင် Yukon သီချင်းနှင့် ဆန်ခါတင်ဝင်ခဲ့ပြီး စင်ပေါ်ဖျော်ဖြေမှုမှာ ရေပန်းစားခဲ့သည်။

ယခင်ကထက် ဂီတပုံစံ ပိုမိုရင့်ကျက်လာကာ ပုံစံသစ်နှင့် ဂျက်စတင်ဘီဘာကို မြင်တွေ့ရပြီး ဂီတအပြင် ယခင်ဘဝကို တန်ဖိုးထားဖြတ်သန်း၍ မိသားစုအတွက် အချိန်ပေးခဲ့သည်။ အခက်အခဲများစွာကို ကျော်ဖြတ်၍ သူ၏ စိတ်ဝိညာဉ်ကို ဂီတမှ တစ်ဆင့် ပရိသတ်ထံ ပြန်လည်မျှဝေပေးသည့် နှစ်ဖြစ်၍ ၂၀၂၆ ခုနှစ်၏ King of Pop ဖြစ်လာမည်ဟု ပရိသတ်က မှတ်ချက်ပေးထားကြသည်။

(SKY)



## Jin @ Kim Seok Jin နာမည်သစ်တစ်ခု ထပ်မံရ

BTS အဖွဲ့၏ Arirang Album ထွက်ရှိလာပြီးနောက် အောင်မြင်မှုများနှင့်အတူ အဖွဲ့ဝင်များ၏ ကိုယ်ပိုင်အရည်အချင်းများ ပြသခဲ့ကြရာမှ အဖွဲ့ဝင် Jin (ခေါ်) Kim Seok Jin ကို ပရိသတ်များက Siren Jin နာမည်သစ်တစ်ခု ထပ်မံပေးအပ်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Siren အမိပ္ပာယ်မှာ လူတွေငြင်းမရအောင် သတိထားမိစေလျက် ဆွဲဆောင်နိုင်သည့် အသံကို ဆိုလိုခြင်းဖြစ်ကာ Jin ၏ တည်ငြိမ်သည့်အမြင့်သံကို ထိန်းနိုင်သည့် Tone က စိတ်ခံစားမှုကို သယ်ဆောင်ပေးနိုင်သောကြောင့် ဖြစ်သည်။

ယင်းအယ်လ်ဘမ်ထဲမှ Like Animal သီချင်း၏ သံစဉ်နှင့်အတူ ထွက်ပေါ်လာသည့် Jin ၏ အသံက ခဏတာဖမ်းစားနိုင်ကာ ဆွဲဆောင်မှုရှိ၍ အသံအနိမ့်အမြင့်ကို ထိန်းချုပ်ကစားနိုင်သူဖြစ်သည်။

Jin ပါဝင်သီဆိုထားသော သီချင်းတိုင်း အသက်ဝင်၍ နာမည်နှင့် သီချင်းကြား စိတ်ခံစားမှုကို ဖော်ဆောင်ပေးနိုင်သူဖြစ်ကာ နာမည်သစ်တစ်ခု ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

(SKY)



## The English Patient အော်စကာ ကိုးဆု ရရှိ

ကမ္ဘာ့အကောင်းဆုံး ဇာတ်ကား အော်စကာဆုများစွာ ရရှိထားသည့် ဇာတ်ကားစာရင်းတွင် The English Patient လည်း ပါဝင်၍ အော်စကာကိုးဆု ဆွတ်ခူးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒုတိယကမ္ဘာစစ် နောက်ခံ ခါးသီးသောအချစ် ဒရာမာဇာတ်ကားဖြစ်ပြီး မတူညီသည့် လူမျိုးများကြား နက်ရှိုင်းသည့်အချစ်ဇာတ်လမ်းနှင့် စစ်ပွဲ၏အကျိုးဆက်များကို ရိုက်ကူးတင်ပြထားပြီး ၁၉၉၆ ခုနှစ်တွင် ထွက်ရှိထားကာ အော်စကာကိုးဆု ရရှိထားသည်။

ပြင်သစ်နိုင်ငံ၏ မြို့ပြလူနေမှုအလှတရားနှင့် ဂီတကို ပေါင်းစပ်ထားသည့် Gi Gi ၊ တရုတ်ပြည်၏ နောက်ဆုံး ဧကရာဇ် မုရီ၏ ကလေးဘဝမှ သက်ကြီးရွယ်အိုအထိ ဖြတ်သန်းခဲ့သည့် သမိုင်းဝင်ဖြစ်ရပ်ကို ခမ်းနားစွာရိုက်ကူးထားသည့် The Last Emperor တို့မှာ အော်စကာ ကိုးဆုနှင့် From Here To Eternity ဂီတပညာရှင် မိုးဇက်၏ ဂီတသီချင်းများနှင့် ပုံဖော်ထားသည့် Amadeus နှင့် နာမည်ကြီး Gone with The Wind လေရူးသုန်သုန်တို့က အော်စကာရှစ်ဆုစီ ဆွတ်ခူးရရှိထားကြသည်။

(SKY)

## Tony Jaa ကျန်းမာရေးလိုက်စားသော်လည်း ကင်ဆာဖြစ်နေ

လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကျော်က Ong Bak ဇာတ်ကားနှင့် ပရိသတ်အားပေးခဲ့သည့် ကမ္ဘာကျော်အက်ရှင်မင်းသား တိုနီဂျာသည် ကျန်းမာရေးလိုက်စားသူဖြစ်ခဲ့သော်လည်း ကင်ဆာဖြစ်နေကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာကျော်အက်ရှင်မင်းသား တိုနီဂျာသည် ကျန်းမာရေးလိုက်စားသူဖြစ်သော်လည်း ခန္ဓာကိုယ်၏ ဖောက်ပြန်မှုမှ ပြေးမလွတ်နိုင်၍ သည်းခြေအိတ်ကင်ဆာ အဆင့်(၃) ဝေဒနာကို လွန်ခဲ့သည့် နှစ်နှစ်ကတည်းက တိုက်ထုတ်နေရကြောင်း သတင်းပေါ်ထွက်ခဲ့သည်။

တိုနီဂျာ၏ ကြိုးစား အားထုတ်မှု၊ ထူးခြားသည့် ကိုယ်ခံပါရမီရှိမှုနှင့် အောင်မြင်မှုများဖြင့် ဂုဏ်သိက္ခာကို တည်ဆောက်ထား၍ ကင်ဆာဝေဒနာဆိုးကို တိုက်ထုတ်ကာ ကျန်းမာလာစေရန် ပရိသတ်က ဆုတောင်းပေးနေကြသည်။

(SKY)



## BTS ၏ ဂီတ Aliens မှာ မတူကွဲပြားသူ၊ အပြင်လူ၏ စတိုင်ဖြစ်

၂၀၂၆ ခုနှစ်တွင် ထွက်ရှိထားသည့် Arirang Album ထဲမှ Aliens ဆိုသော မတူကွဲပြားသူ၊ အပြင်လူဆိုသော အဓိပ္ပာယ်ကို Metaphor အနေနှင့် အသုံးပြုထားပြီး ယဉ်ကျေးမှုနှင့်ထိုးဖောက်သည့် စတိုင်သစ်ဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

BTS အဖွဲ့က Aliens အဓိပ္ပာယ်မတူကွဲပြားသူ၊ အပြင်လူ အဓိပ္ပာယ်ကို အားသာချက်တစ်ခုအဖြစ် ပြောင်းလဲ၍ သူတို့ ယဉ်ကျေးမှုအပေါ် လေးစားရန် တောင်းဆိုထားသည်။ Aliens တွင်ပါသည့် ဆရာကြီးဂင်ဂူသည် ဂျပန်လက်အောက်မှ လွတ်လပ်ရေး ကြိုးပမ်းရာတွင် ယဉ်ကျေးမှုနှင့်ပတ်သက်၍ လူသိများစေချင်သည့် ဆန္ဒရှိခဲ့သည်ကိုလည်း ဖော်ကျူးထားသည်။




အာရှလူမျိုးဖြစ်ရခြင်းအတွက် ဂုဏ်ယူပြီး အာရှသားများဘက်မှ ရပ်တည်ခဲ့ကာ ဂီတမှတစ်ဆင့် BTS က လူငယ်များအပေါ် လွှမ်းမိုးနိုင်ခဲ့သည့်အပြင် အနုပညာသက်သက်မဟုတ်ဘဲ အာရှသားများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုအတွက် နိုင်ငံတကာစင်မြင့်တွင် ရဲဝံ့စွာ ရပ်တည်ပေးခဲ့သည်။

(SKY)

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မြို့သစ် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ကလေးအလုပ်သမားနှင့်ပတ်သက်၍ အသိပညာဗဟုသုတများရရှိစေရန်အတွက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(မြို့မ)၌ ကျင်းပသည်။



အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် ကလေးအလုပ်သမား၏အသက်အရွယ် ကလေးအလုပ်သမားဆိုသည်မှာ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် အသိပညာအကြောင်းအရာများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

**ဝင်းအိဇွန်(ပြန်/ဆက်)**



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy) တို့ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ်၂၆ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ အမရပူရမြို့နယ်၊ BABY WORLD ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ကျင်းပခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy) မှ မူးယစ်သမိုင်းကြောင်းကို အမှုဆောင် ဒေါ်သင်းသင်းဦး၊ အရက်၊ ကွမ်း ဆေးဥပဒ်ပေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းတို့က ဟောပြောကြပြီး ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်နှင့်ပတ်သက်သည့် မေးခွန်းများ မေးမြန်းပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်ခဲ့သည်။**(အပေါ်ပုံ)**

ထို့နောက် အမရပူရမြို့နယ် BABY WORLD ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦးတို့က မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ချတ်ဆိုခဲ့ကြကြောင်း သိရသည်။

(ဝ၇ဝ)

## သဘာဝဘေးဆိုင်ရာအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကလော ဩဂုတ် ၃၀**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ယမန်နေ့ နံနက် ၁၁ နာရီက သဘာဝဘေးဆိုင်ရာအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကလောမြို့ ဒုတိယမြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးနေမျိုးထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ဖြူမွန်သိမ့်က သဘာဝဘေးနှင့်ပတ်သက်၍ ငလျင်ဘေး၊ ဆူနာမီဘေး၊ မီးဘေး၊ ရေဘေး၊ ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရမည့်အချက်များကို အသိပညာပေး ဟောပြောခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် သဘာဝဘေးဆိုင်ရာအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ကလောမြို့ အမှတ်(၄)ရပ်ကွက်ရှိ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်နေရာတွင် ရုတ်တရက်ရေတက်လျှင် ကုန်းမြင့်သို့ အမြန်ဆုံးရွှေ့ပါ အသိပညာပေးပိုစတာနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် Community Monitoring and Reporting System - CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၇ ဒသမ ၈၁၂၃ တန်၊ သစ်မာသုည ဒသမ ၆၆၄၄ တန်၊ အခြား ၅ ဒသမ ၇၈၅၈ တန်၊ စုစုပေါင်း ၃၄ ဒသမ ၂၆၂၅ တန်၊ ယာဉ်၊ ယန္တရား ခုနစ်စီးနှင့် တရားခံ ရှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကလေးမြို့နယ်တွင် စိတ်ကြွဆေးပြား ၁၁ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၃ ရက် နံနက် ၇ နာရီက သတင်းအရ ကလေးမြို့နယ်၊ ချင်းတွင်းတံတားအနီးတွင် ဇမ်းလျန်းပုမ်း ဆိုသူ မောင်းနှင်ပြီး ဒိုးရှန်းမန်(ခ)မာန်ဇွေ့ ဆိုသူ လိုက်ပါလာသော KIA BOGON မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၉ ဒသမ ၂ သိန်းအား ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိခဲ့သည့် စိတ်ကြွဆေးပြားများအား လက်ခံသူများဖြစ်သည့် ကလေးမြို့၊ တောင်ဖီလာရပ်ကွက်နေ ပေါင်ရှင်းတွောင်(ခ)တွမ်ပီးနှင့် ၎င်း၏ဇနီး မဇင်လမ်မာန် ဆိုသူတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပေါင်ရှင်းတွောင်(ခ)တွမ်ပီး ဆိုသူအား မတွေ့ရှိရဘဲ မဇင်လမ်မာန် ဆိုသူအား ဖမ်းဆီးရမိပြီး ၎င်း၏ ဖော်ထုတ်ချက်အရ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ ဟောက်ခန့်ခွာလ် ဆိုသူအား စိတ်ကြွဆေးပြား ၂ ဒသမ ၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်း စိတ်ကြွဆေးပြား ၁၁ ဒသမ ၈ သိန်းအား ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ နမ့်စန်မြို့နေ ကောင်းစံ ဆိုသူ (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး နမ့်စန်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်သို့ ပို့ဆောင်ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ပေါင်ရှင်းတွောင်(ခ)တွမ်ပီး (ဖမ်းဆီးရန်ကျန်)နှင့် ၎င်း၏ဇနီး မဇင်လမ်မာန် ဆိုသူတို့မှ တန့်ဆည်မှ ကလေးသို့ ဆက်လက်သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# ဝဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

ပုသိမ် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝဝန်တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ စုပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်တို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်က ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား အလှူငွေများ လှူဒါန်းပြီး ပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့အတူ သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ဟင်္သာတမြို့နယ် လဟာပကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်ကို သွားရောက်၍ လေးမျက်နှာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ရေဘေးသင့်ပြည်သူများအား ပရိတ်တရားတော်ချီးမြှင့်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းထောက်ပံ့ခြင်းတို့ ဆောင်ရွက်သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟင်္သာတမြို့၌ မြန်မာနေရှင်နယ်လိဂ်ဥက္ကဋ္ဌ၊ ရှမ်းယူနိုက်တက်ဘောလုံးအသင်း၊ ဧရာဝတီယူနိုက်တက်အမျိုးသမီးဘောလုံးအသင်း၊ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း၊ ရတနာပုံယူနိုက်တက်ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများ၊ မြန်မာ့လက်ရွေးစင်ကစားသမားများနှင့် M League တို့က ရေဘေးသင့်ဒေသများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ စုပေါင်းလာရောက်လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

# ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ပေ ၃ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်းနှင့် ငသိုင်းချောင်းမြို့တွင် ဝဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၁ လက်မခန့်သာကျန်ရှိသဖြင့် ၁ပေ ၈ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

### ဆက်လက်ဆောင်ရွက်

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ကုန်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့် နွံနှန်းများနှင့် အမှိုက်များအား ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မြောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းတို့ကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀ ၊အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ ယာယီပန်းတာပြုလုပ်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine (ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင်ပါလာသော နုန်းမြေ (sediment)များ စုပုံလာစေရန် ပြုလုပ်သည့်လုပ်ငန်း) ချထားခြင်း၊ Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်






## ဇူဘီမန်ဒီကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း ကမ်းလှမ်း



**မက်ဒရစ် ဩဂုတ် ၃၀**

ရီးရဲလ်မက်ဒရစ်အသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဇူဘီမန်ဒီကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၇ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းကလည်း ဇူဘီမန်ဒီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် အာဆင်နယ်အသင်းမှ ဇူဘီမန်ဒီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ) (NGB)**

## နီကိုလပ်စ်ဂျက်ဆင် အက်စတွန်ဗီလာအသင်းတွင် ကျောနံပါတ်(၁၁)ဂျာစီ ဝတ်ဆင်ကစားသွားမည်



**လန်ဒန် ဩဂုတ် ၃၀**

တိုက်စစ်မှူး နီကိုလပ်စ်ဂျက်ဆင်သည် အက်စတွန်ဗီလာအသင်းတွင် ကျောနံပါတ် ၁၁ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းမှ အက်စတွန်ဗီလာအသင်းသို့ ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး နီကိုလပ်စ်ဂျက်ဆင်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားသွားရောက်ကစားခဲ့ပြီး ပြိုင်ပွဲစုံ ၃၄ပွဲကစားကာ ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး နီကိုလပ်စ်ဂျက်ဆင်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် အက်စတွန်ဗီလာအသင်းနှင့်အတူ အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်သွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## နီကိုဝီလီယမ်စ် အသင်းတွင်သာ ဆက်ရှိသွားမည်ဟု နော်တင်ဟမ်ဖောရက်စ်အသင်း အတည်ပြု



**လန်ဒန် ဩဂုတ် ၃၀**

နောက်ခံကစားသမား နီကိုဝီလီယမ်စ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း နော်တင်ဟမ်ဖောရက်စ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် မန်ယူအသင်းနှင့် စပါးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား နီကိုဝီလီယမ်စ်သည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၆၀ ကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

နော်တင်ဟမ်ဖောရက်စ်အသင်း၏ထုတ်ပြန်ချက်တွင် "နီကိုဝီလီယမ်စ်အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက်အားထားရတဲ့ ကစားသမားတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ) (NGB)**

## 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Arthur Fery တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၃၀**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဂရိတ်ဗြိတိန် တင်းနစ်ကစားသမား Arthur Fery တက်ရောက်ခဲ့သည်။**(ယာပုံ)**

အဆိုပါ ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Arthur Fery သည် 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဩစတြေးလျ တင်းနစ်ကစားသမား James Duckworth ကို ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Arthur Fery နှင့် ပီရူးတင်းနစ်ကစားသမား Ignacio Buse တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(NGB)**

## ဖာဘီယိုမီရက်တီကို အငှားစာချုပ်ဖြင့် ဘီဆစ်တပ်စ်အသင်း ခေါ်ယူ



**အန်ကာရာ ဩဂုတ် ၃၀**

ဘီဆစ်တပ်စ်အသင်းသည် ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ဖာဘီယိုမီရက်တီကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘီဆစ်တပ်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘီဆစ်တပ်စ်အသင်း၏ထုတ်ပြန်ချက်တွင် "ဖာဘီယိုမီရက်တီကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်းမှာ ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်ဦးမှာပါ။ ဖာဘီယိုမီရက်တီအနေနဲ့လည်း အသင်းအပေါ် များစွာအထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ) (NGB)**



## အက်သလက်တီကိုမက်ဒရစ်အသင်းက ဆီဗီလာအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဩဂုတ် ၃၀**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဆီဗီလာအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ် အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၄ မိနစ်နှင့် ၃၃ မိနစ်တွင် အဲလက်စ်ဘေနာ၊ ပွဲချိန် ၂၆မိနစ်တွင် လွတ်ခ်မန်းတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အက်သလက်တီကိုမက်ဒရစ် အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၅ရက်တွင် ဘီလ်ဘာအိုအသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## မာ့ခ်အိုလီဗာကမ့်ဖ် ကိုမိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဩဂုတ် ၃၀**

ကိုမိုအသင်းသည် အသင်းနောက်ခံကစားသမား မာ့ခ်အိုလီဗာကမ့်ဖ်ကို ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကိုမိုအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၈ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။**(အောက်ပုံ)**

အသက်(၃၁)နှစ်အရွယ်ရှိ မာ့ခ်အိုလီဗာကမ့်ဖ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုး စာချုပ်ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါသေးတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။**(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်ကို ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဖီနာဘာချီအသင်းသည် နိစ်အသင်း နောက်ခံကစားသမား ပီပရာအော့ပွန်ကို ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။ **(NGB)**

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁-၉-၂၀၂၆ နံနက် ၀၁း၃၀ နာရီ | အက်စတွန်ဗီလာ - အာဆင်နယ် | အက်စတွန်ဗီလာ ၂-၁ အာဆင်နယ်<br>အာဆင်နယ် ၄-၁ အက်စတွန်ဗီလာ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၈-၂၀၂၆ ည ၁၁း၀၀ နာရီ | လက်ချီ - ရိုးမား | လက်ချီ ၀-၂ ရိုးမား<br>ရိုးမား ၁-၀ လက်ချီ |
| ၁-၉-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | အတ္တလန်တာ - ဘိုလော့ဂ်နာ | အတ္တလန်တာ ၀-၁ ဘိုလော့ဂ်နာ<br>ဘိုလော့ဂ်နာ ၀-၂ အတ္တလန်တာ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁-၉-၂၀၂၆ နံနက် ၀၀း၀၀ နာရီ | အိုဆာဆူနာ - ဂီတာဖေး | အိုဆာဆူနာ ၂-၁ ဂီတာဖေး<br>ဂီတာဖေး ၁-၀ အိုဆာဆူနာ |
| ၁-၉-၂၀၂၆ နံနက် ၀၂း၀၀ နာရီ | ဘာစီလိုနာ - ဗယ်လက်ကာနို | ဘာစီလိုနာ ၁-၀ ဗယ်လက်ကာနို<br>ဗယ်လက်ကာနို ၁-၁ ဘာစီလိုနာ |



## ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၉ ရက် နံနက် ၉နာရီက မဟာအောင်မြေခရိုင် ချမ်းမြသာစည် မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက် ရွှေဘုန်းရောင်မြတ်စွာဘုရား ဓမ္မာရုံအတွင်း၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်း ကျင်းပရာသို့ ချမ်းမြသာစည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခေတ္တမြို့နယ် ဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကိုကိုဦးက လွှတ်တော် အတွေ့အကြုံများအား ပြောကြားခဲ့ပြီး ပြည်သူ့လိုအပ်ချက်များကို ဆွေးနွေးမေးမြန်းခဲ့၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်က အမျိုးသားလွှတ်တော် အတွေ့အကြုံများကို ဆွေးနွေးပြောကြားခဲ့ကြာ ပြည်သူလူထု၏လိုအပ်ချက်များကို ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသို့ တင်ပြစာပေးပို့နိုင်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနှင့် မြို့နယ်ဌာနဆိုင်ရာများက ဌာနအလိုက် သိကောင်းစရာများကို ဆွေးနွေးခဲ့ပြီး ရပ်မိရပ်ဖနှင့် ရပ်ကွက်နေပြည်သူများက ရပ်ကွက် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်များကို ပြန်လည်တင်ပြဆွေးနွေးခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၄၁)**



## မကွေ့ရာစည်းခုံစေတီတော်ကြီး ပြင်ဆင်နိုင်ရန်လှူဒါန်း

**စဉ့်ကိုင် ဩဂုတ် ၃၀**

စဉ့်ကိုင်မြို့နယ်၊ ရှေးဟောင်းမကွေ့ရာဒေသမှ မကွေ့ရာစည်းခုံစေတီတော်ကြီး မန္တလေး ငလျင်ကြီးကြောင့် တတိယပစ္စယံ ရှစ်မြှောင်ပစ္စယံ၊ ကြေးဝန်း၊ ကြာဝန်းများ ပွင့်ထွက်၊ အက်ကွဲပျက်စီးခဲ့သဖြင့် ပြင်ဆင်ရေးလုပ်ငန်းများ စတင်လုပ် ဆောင်နေသည်။

ငလျင်ဒဏ်ထိ မကွေ့ရာစည်းခုံဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် စဉ့်ကိုင်မြို့နယ် မကွေ့ရာရွာ ဦးဝင်းနိုင်ဦး+ ဒေါ်ခင်စန်းဝင်း၊ သား ကိုကျော်စွာထွန်း၊ မရွှေရည်ဝင်း၊ ကိုမြတ်သူထွန်း၊ မဝင့်သီရိဖြိုး၊ မြေး မောင်ဖွဲ့ထက်နိုင်၊ မဖူးဇေရီကျော်၊ မခြူးအမရာကို မိသားစုတို့က အလှူငွေကျပ်သိန်းငါးဆယ် လှူဒါန်းခဲ့သည်။

ကုသိုလ်ပါဝင်လိုပါက အရှင်ပဏ္ဍိတ ဩဝါဒါစရိယဆရာတော် ဖုန်း ၀၉-၂၀၁၂၁၂၂၊ အရှင်သန္တနရွှေရောင်တော်ဆရာတော် ဖုန်း ၀၉-၇၉၇၆၀၆၁၆၆၊ ဦးကျော်ထွန်း အင်ဂျင်နီယာ ဖုန်း ၀၉-၄၄၄ ၀၁၈၆၄၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)(ကဆ)**

## လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

**တံတားဦး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တံတားဦးမြို့နယ်ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ၇၈ ကတ်နှင့် Biometric data ကောက်ယူ၍ UID ကတ် ၇၈ ကတ် ထုတ်ပေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့ မြို့မအခြေခံပညာ အလယ်တန်းကျောင်း ပညာသရဖူခန်းမတွင် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်



အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသန့်နှင့်အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား၊ ကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၀၉)**

## စုပေါင်းပလတ်စတစ်ကောက်ခြင်းဆောင်ရွက်

**ညောင်ဦး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း စုပေါင်းပလတ်စတစ်အမှိုက်ကောက်ခြင်းကို ဩဂုတ် ၂၉ ရက် နံနက် ၇ နာရီက လမ်းဘေးဝဲ၊ ယာတစ်လျှောက်၌ စုပေါင်းကောက်ယူခဲ့ကြသည်။

Baganplastic Campaign အဖွဲ့သားများ ဦးဆောင်သော ပလတ်စတစ် ကမ်ပိန်းအဖွဲ့သားများသည် ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း (မြို့မ)ရှေ့မှစတင်၍ ရွှေစည်းခုံဘုရားတောင်ဘက်ကွင်းပြင်၊ အလိုတော်ပြည့်စာသင်တိုက်ရှေ့မှ ဝက်ကြီးအင်းရပ်ကွက်မှသည် ဝက်ကြီးအင်းဂူပြောက်လေးဘုရားအထိ ပလတ်စတစ်အမှိုက်များအား Baganplastic Campaign အဖွဲ့သားများနှင့်အတူ Aur-eum Palace Hotel ဝန်ထမ်းမိသားစုများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေးအတွက် စနစ်တကျ ကောက်ယူခဲ့ကြောင်း သိရသည်။

**(၄၈၁)**

## မိုးစပါး၊ မိုးသီးနှံ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ စုပေါင်းဖြန့်ဖြူးရောင်းချ

**မြစ်သား ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ဓာတ်မြေဩဇာဝယ်ယူ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့်ပေါင်းစပ်ညှိနှိုင်းပြီး တောင်သူများ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးချိန်အမီ ဝယ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်၍ ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက မိုးစပါး၊ မိုးသီးနှံ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ စုပေါင်း ဖြန့်ဖြူးရောင်းချပွဲကို စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုထောင်၌ ပြုလုပ်ခဲ့သည်။

ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစံအောင်နှင့်တာဝန်ရှိသူများသည် မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများမှ မိုးသီးနှံစိုက်ပျိုးသည့် တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကသီးနှံ



အထွက်နှုန်းတိုးတက်လာစေရန်၊ သွင်းအားစုဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်စွာ အသုံးပြုနိုင်စေရန်၊ ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၄၇)အုပ်စုမှ တောင်သူ ၂၆၃ဦးထံသို့ ယူရီးယားဓာတ်မြေဩဇာ အိတ် အိတ် ၁၀၀၀နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၁၀၀၀ စုစုပေါင်း အိတ် ၂၀၀၀အား သီးနှံပေါ်ပေးစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ဓာတ်မြေဩဇာ စုပေါင်းဖြန့်ဖြူးရောင်းချပွဲသို့ ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မာ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန္ဒီဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးချစ်၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်ချောစုလှိုင်၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်မော်မော်အောင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်နှင့်ဝန်ထမ်းများ၊ မိုးသီးနှံစိုက်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**

## ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၌ ဌာနပေါင်းစုံစုပေါင်း၍ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရာ၌ ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၅၀ဦးတို့က ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်များနှင့် မြက်များ၊ အမှိုက်များအား စုပေါင်းရှင်းလင်းခဲ့ပြီး ထွက်ရှိလာသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဌာနပိုင်အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်းနှင့် ကျောက်ဆည်မြို့နယ်စီမံခန့်ရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးမောင်မောင်ချိုနှင့် တာဝန်ရှိသူများက သန့်ရှင်းရေးဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**



# ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သို့ ဘုရားများ လှူဒါန်း

**မန္တလေး ဩဂုတ် ၃၀**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ (အဘိဓဇမဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဦးဆောင်သော နယ်စပ်ဒေသနှင့် တောင်တန်းဒေသ၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သို့ ယာယီရွှေ့ပြောင်းနေထိုင်ကြသော ဗုဒ္ဓဘာသာဝင်များအတွက် ရပ်ဝေး၊ရပ်နီးမှအလှူရှင်များက ဘုရားတစ်ဆူလျှင် ငွေကျပ်နှစ်သောင်းဖြင့် လှူဒါန်းလျက်ရှိသည်။

အလှူရှင် မန္တလေးမြို့နေ ဒေါ်တင်ခ၊ (သမီး)ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြမြဝင်း၊ ဒေါ်ဝါဝါဝင်း၊ ဒေါ်သက်သက်မော် မိသားစုက ယမန်နေ့က ဘုရား၂၅ဆူအတွက် ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။




အလားတူ မန္တလေး၊အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးငွေးမြင့်အောင်+ဒေါ်ခင်သန်းနွယ် မိသားစုက ဘုရားတစ်ဆူ၊ မန္တလေး၊ တံခွန်တိုင်ရပ်နေ အလှူရှင် ဦးဇော်မျိုးသန့်+ဒေါ်ထက်ထက်ဝေ မိသားစုက ဘုရားတစ်ဆူ၊ မန္တလေးမြို့နေ အလှူရှင် ဦးသိန်းထွန်း မိသားစု(နေခြည်ယိုစုံ)က ဘုရားငါးဆူ၊ မန္တလေးမြို့နေ ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းချုပ် ဒေါ်ခင်မြနှင့် ဓမ္မမိတ်ဆွေ ဦးကျော် မိသားစုက ဘုရားတစ်ဆူ၊ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်နေ အလှူရှင် ဦးသန့်ဇင်ထွန်း(အကြောဖွင့်ပညာရှင်)၊ဒေါ်ရီမြ၊(သား)မောင်ပိုင်ကောင်းထက်မိသားစုက ဘုရားငါးဆူတို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဘုရားများ လှူဒါန်းလိုပါက ဖုန်း ၀၉- ၆၆၀၈၅၀၃၉၉၊ ၀၉-၄၄၂၀၇၄၄၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၉)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့သို့ ဩဂုတ် ၂၈ ရက်က ရန်ကုန်မြို့နေ ဦးသိန်းအောင်+ဒေါ်သက်ခိုင်စော၊ (သမီး)မသဇင်ထက်၊ မသဇင်ထွန်း+နီကိုလ်စ်၊ (မြေး)မောင်ဇင်လွင်ဖြိုး (စိမ်းလန်းအိမ်ခြံမြေကုမ္ပဏီ) မိသားစုက မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း၃၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်စဉ်။

(၀၇၀)



# စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး ဩဂုတ် ၃၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၆၂လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ လှထွေကျောင်းတိုက်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ကို ယမန်နေ့ နံနက် ၇ နာရီကအဆို ပါကျောင်းတိုက်တွင် ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူး မျိုးနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်တို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဦးအောင်ကိုကိုချစ် ဦးစီးသော ဝန်ထမ်း ၃၅ ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီထွေးဦး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် မောင်မောင်ဇော် ဦးစီးသော တပ်ဖွဲ့ဝင်ရှစ်ဦး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်း ဦးစီးသော စည်ပင်ဝန်ထမ်း ၁၂၂ ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း ၂၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းကြိုင်နှင့် ရာအိမ်မှူးများ ငါးဦး၊ စုစုပေါင်း ၂၀၄ ဦးဖြင့် လှထွေကျောင်းတိုက်အတွင်း၊အပြင်ရှိ အမှိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်း၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းများအတွင်း မြောင်းစာများ ဆယ်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၁)

# မေတ္တာဖွဲ့နှောင် လဝါခေါင်အကြောင်း အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မေတ္တာဖွဲ့နှောင် လဝါခေါင်အကြောင်း အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက သရက်ခရိုင် ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမတွင် ကျင်းပသည်။

အဆိုပါ Talk Show တွင် စာပေချစ်မြတ်နိုးသူများ Book Club အဖွဲ့မှ အငြိမ်းစားဆရာကြီး ဦးမြင့်သိန်းနှင့် ဆရာကြီး ဦးမြင့်ဆွေတို့က ဝါခေါင်လအကြောင်း မိတ်ဆက်ပြောကြားခြင်း၊ ဝါခေါင်လ၏ ရာသီပွဲဖြစ်သည့် စာရေးတံပွဲဖြစ်ပေါ်လာပုံအကြောင်း၊ ဝါခေါင်လပြည့်နေ့ကို ဘာကြောင့် မေတ္တာအခါတော်နေ့ဟု သတ်မှတ်ခဲ့သလဲနှင့် မေတ္တာအကျိုး ၁၁ ပါးနဲ့ မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ရနိုင်သည့် တန်ခိုးတော်များကို စုံလင်စွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဇော်ထက်(သရက်)






# ကျောင်းသား၊ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၃၀**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါမြို့နယ်ရှိ အမှတ်(၃၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ချမ်းမြသာစည်မြို့နယ် ဦးစီးမှူး ဦးရဲမင်းထွန်း၏ ကြီးကြပ်မှုဖြင့် လက်ထောက်မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုထွဋ် ဦးဆောင်၍ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို ပြုလုပ်ပေးပြီး ကျောင်းသား၊ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၆၉)

# ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ ထုတ်ချေးပေး

**မိုင်းကိုင် ဩဂုတ် ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကုံးလုံးကျေးရွာအုပ်စု၊ ဝမ်ကန်ကျေးရွာ၌ မြစိမ်းရောင်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ဝမ်ကန်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ဝမ်ကန်ကျေးရွာရှိ ကျေးရွာမ,တည်ရန်ပုံငွေလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများအား တွေ့ဆုံ၍ ကျေးရွာ မ,တည်ရန်ပုံငွေ စီမံကိန်း(VRFP)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းက အတိုးနှုန်းထားများနှင့် စီမံကိန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမ,တည်ရန်ပုံငွေလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၃၆ ဒသမ ၃၅ သန်းအား လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမ,တည်ရန်ပုံငွေလုပ်ငန်းအဖွဲ့ဝင်များက ဝမ်ကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၂၇ ဦးကို ငွေကျပ် ၂၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ငါးဦးကို ငွေကျပ် ၅ ဒသမ ၆၅သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊အသင်းသူ တစ်ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃ ဦးကို ရန်ပုံငွေကျပ် ၃၆ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) အောင်ရဲကျော်



# ဂုဏ်သိက္ခာရှိသော သက်ကြီးရွယ်အိုဘဝဆီသို့

ကျွန်တော် ယခုဆောင်းပါးကို ရေးလိုသည့် အဓိကရည်ရွယ်ချက်မှာ အငြိမ်းစားပင်စင်(Pensioner)ရရှိသူတိုင်း အိုနာမဟုတ်သေးသလို အိုနာတိုင်းလည်း ပင်စင်နာမဟုတ်ပါဆိုသည်ကို ပြောပြလိုခြင်း ဖြစ်ပါသည်။

ပင်စင်နာဆိုတာ အလုပ်တာဝန်ပြီးဆုံးလို့ လစာအစား ပင်စင်ခံစားရသူတစ်ဦးသာဖြစ်ပြီး သက်ကြီးရွယ်အိုဆိုတာ အသက်အရွယ်အရ အိုမင်းလာသူကို ဆိုလိုရင်းဖြစ်ပါသည်။ သက်ပြည့်ပင်စင်ယူသူတစ်ဦးအဖို့ (ယခင်က ၆၀နှစ်၊ ယခု ၆၂နှစ်)အငြိမ်းစားယူချိန်မှာ အသက်ကြီးနေပြီဖြစ်တာကြောင့် အခြေအနေနှစ်ခုက အတူတကွ ဖြစ်လာသကဲ့သို့ ဖြစ်နေခဲ့ပါသည်။ သို့သော် ပုံမှန်အားဖြင့် အသက် ၆၀ အရွယ်၊ ၇၀-၈၀တန်းများသည် မအိုမနာသေးပါ။ ဘောဂဗေဒပညာရှင်အချို့၏ အလိုအားဖြင့် ဉာဏ်အားခွန်အားပေးရန် အစွမ်းမရှိတော့သည့် အရွယ်မျိုးတွင် မိမိဘဝကို အမှီအခိုကင်းစွာ မထူထောင်နိုင်သည့် အသက်ရသူများကိုသာ သက်ကြီးရွယ်အိုဟု ဆိုကြသည်ဟု ဖော်ပြထားပေသည်။

အမှန်တကယ်တော့ 'ပင်စင်'ဆိုတာ အလုပ်က အနားယူခြင်းသာဖြစ်ပြီး 'ဘဝက အနားယူခြင်း'မဟုတ်ပါ။ သို့သော် လူမှုဝန်းကျင်တွင် 'ပင်စင်ကျပြီ'ဆိုတာနဲ့ အလုပ်မလုပ်တော့ဘူးနားတော့ဆိုတဲ့အဓိပ္ပာယ် သက်ရောက်သွားတတ်ပါသည်။ ဒါဆိုလျှင် လူတစ်ယောက်၏တန်ဖိုးသည် လစာရနေသလား၊ မရနေသလားဆိုတာနဲ့ ဆုံးဖြတ်ရတော့မှာလားဟုဆိုလျှင် မဆုံးဖြတ်သင့်ဟု ထင်မြင်မိပါသည်။ နှစ်ပေါင်း ၃၀ ကျော် ၄၀ ခန့် အတွေ့အကြုံရှိသူတစ်ယောက်ရဲ့ အသိပညာ၊ ဆုံးဖြတ်နိုင်စွမ်း၊ လူအများအပေါ် နားလည်ပေးနိုင်စွမ်းသည် ပင်စင်စာအုပ်တစ်အုပ်ရလို့ ပျောက်သွားခြင်း မဟုတ်ပါ။ ပင်စင်လစာသည် ကျေးဇူးပြုခြင်းမဟုတ် ဂုဏ်သိက္ခာကို အသိအမှတ်ပြုခြင်းဆိုသည့် အယူအဆကို အလေးအနက်ခံယူထားသင့်ပါသည်။

သာမန်အားဖြင့် စဉ်းစားပါက အငြိမ်းစားတစ်ဦး၏ ပင်စင်ငွေသည် လက်ရှိနေထိုင်စားသောက်ဖို့ မလုံလောက်ခြင်း၊ အသက်ကြီးလာသည်နှင့်အမျှ ဆေးကုသ စရိတ်မြင့်တက်လာခြင်း၊ သားသမီးအပေါ် မှီခိုရမှုများလာခြင်း၊ လူမှုရေးကဏ္ဍများ လျော့နည်းလာပြီး 'ငါ့ကို လူ့အဖွဲ့အစည်းက မလိုတော့ဘူး'လို့ ခံစားရသူများရှိလာခြင်း၊ အချို့ ကျန်းမာရေးကောင်းသေးသော်လည်း အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းမရှိခြင်း စသည်တို့ကို ကြုံတွေ့ရနိုင်ပါသည်။

သို့သော် မြန်မာ့လူ့အဖွဲ့အစည်း၏ အားသာချက်မှာ မိသားစုနှင့်အတူနေသော ယဉ်ကျေးမှုများရှိနေခြင်းပင် ဖြစ်ပါသည်။ အထီးကျန်မှုလျော့နည်း၏။ မြေးတွေနှင့်အတူနေခွင့်ရ၏။ စိတ်ဓာတ်ခွန်အား ပိုမိုကောင်းမွန်တတ်ပါသည်။ ခြွင်းချက်အနေဖြင့် သားသမီးများ စီးပွားရေးအခက်အခဲရှိခဲ့ပါလျှင် သက်ကြီးရွယ်အိုများလည်း ဖိအားပေးခံရနိုင်သကဲ့သို့ ဝန်ထုပ်ဝန်ပိုးလို့ ကိုယ့်ကိုယ်ကိုယ် ထင်လာမှုများရှိနိုင်သည်မှလွဲ၍ မိသားစုအသိုက်အဝန်းကောင်းသည် ဝလေ့ရှိသော လူ့အဖွဲ့အစည်းဖြစ်ပါသည်။

လူ့အဖွဲ့အစည်းက သက်ကြီးရွယ်အိုကို စောင့်ရှောက်ခံသူ (Care Receiver) အဖြစ် မြင်လေ့ရှိသော်လည်း ပေးကမ်းနိုင်သူ (Care Giver)ဟု မြင်နိုင်ရန်ကိုလည်း လိုအပ်ပါသည်။ မြေးများကို စာသင်ပေးနိုင်ခြင်း၊ ရပ်ရွာအတွင်း အတွေ့အကြုံ ပြန်ပြောပြနိုင်ခြင်း၊ စေတနာ့ဝန်ထမ်းလုပ်နိုင်ခြင်း၊ စာကြည့်တိုက်မှာ ကူညီနိုင်ခြင်း၊ လူငယ်များကို လမ်းညွှန်မှုပေးနိုင်ခြင်း စသည်တို့တွင် ပါဝင်နိုင်ပါသည်။ ကျွန်တော်၏ ပတ်ဝန်းကျင်တွင် အဆိုပါပုဂ္ဂိုလ်များ တွေ့မြင်မိသကဲ့သို့ မိတ်ဆွေများ၏ဝန်းကျင်တွင်လည်း ပညာရေး နယ်ပယ်မှ အငြိမ်းစားယူပြီး ကလေးများကို စာသင်ပေးနေသူ၊ ပုဂ္ဂလိကကျောင်းများတွင် စာပြနေသူ၊ အင်ဂျင်နီယာပုဂ္ဂိုလ်များ လုပ်ငန်းအတွေ့အကြုံအရ လုပ်ငန်းခွင်တွင် အကြံပေးနေသူ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်လုပ်ကိုင်နေသူ စသည်ဖြင့် များစွာတွေ့မြင်နိုင်ပါသည်။

နိုင်ငံတော်အနေဖြင့်လည်း ဝန်ထမ်းများကို အသက်အရွယ်ရောက်၍ ပင်စင်ပေးလိုက်ခြင်းဖြင့် တာဝန်ပြီးပြီလို့ မမြင်သင့်ပါ။ အသက်ကြီးသူများအတွက် သင်တန်းများ၊ အချိန်ပိုင်းအလုပ်အကိုင်အခွင့်အလမ်းများ၊ ကျန်းမာရေးလေ့ကျင့်ခန်းအစီအစဉ်များ၊ စိတ်ကျန်းမာရေးအကြံပေးဝန်ဆောင်မှုများ၊ သက်ကြီးရွယ်အို နေ့ပိုင်းလှုပ်ရှားမှုစင်တာ(Senior Community Center)များကို ဖန်တီးပေးသင့်ပါသည်။ ၎င်းအစီအစဉ်များသည် သက်ကြီးရွယ်အိုများအတွက် ဘဝအရည်အသွေးကို မြှင့်တင်ပေးရာ ရောက်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဆောက်အအုံ၊ GDP၊ ပမာဏ၊ နည်းပညာတိုးတက်မှုများနှင့်သာမက 'ထိုနိုင်ငံက ကလေးတွေအပေါ် ဘယ်လောက်ရင်းနှီးမြှုပ်နှံသလဲ။ သက်ကြီးရွယ်အိုတွေကို ဘယ်လောက်ဂုဏ်သိက္ခာရှိရှိ နေထိုင်ခွင့်ပေးထားသလဲ'ဆိုသည့် အညွှန်းကိန်းတစ်ခုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

နိုင်ငံတချို့တွင် ပင်စင်ယူခြင်းသည် ဒုတိယအသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ်ပင် မြင်ကြပါသည်။ ပင်စင်ပေးခြင်းသည် အတိတ်က လုပ်အားအတွက် ဆုလာဘ်ဟုမြင်မည့်အစား အနာဂတ်မှာ ဂုဏ်သိက္ခာရှိစွာ အသက်ရှင်နိုင်ရေးအတွက် လူ့အခွင့်အရေးတစ်ခုအဖြစ်မြင်သည်က ပို၍သင့်လျော်ပါသည်။ အငြိမ်းစားဝန်ထမ်းတစ်ယောက်သည် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသည့်အတွက် သူ၏နောက်ဆုံးဘဝအပိုင်းကို လုံခြုံမှုဂုဏ်သိက္ခာ အဓိပ္ပာယ်ရှိမှုများနှင့် ဖြတ်သန်းနိုင်ရန် ကူညီပေးခြင်းသည် လူမှုရေးရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ပါသည်။

ခေတ်အဆက်ဆက်တွင် ဝန်ထမ်းဘဝမှာ ဘယ်လောက်ဝင်ငွေရသလဲ၊ ဘယ်လောက်သုံးစွဲနိုင်သလဲ၊ ဘာရာထူးရှိသလဲ၊ ဘယ်လောက်အာဏာရှိသလဲဆိုတာတွေနှင့် တိုင်းတာလေ့ရှိကြပါသည်။ သို့သော် အငြိမ်းစားယူလိုက်သည့်အချိန်တွင် ရာထူးမရှိ၊ ဝင်ငွေမရှိ၊ လုပ်ပိုင်ခွင့်မရှိတော့ဟုဆိုလျှင် 'ငါ့မှာတန်ဖိုးမရှိတော့ဘူး'ဟု စိတ်ထဲမှာ ထင်လာတတ်ကြပါသည်။ ၎င်းသည် ပင်စင်ယူပြီးကာစ အငြိမ်းစားဘဝအစရဲ့ အန္တရာယ်ရှိသောအတွေးပင် ဖြစ်ပါသည်။ အမှန်တော့ ရာထူးက အဆုံးသတ်သွားခြင်းသာဖြစ်ပြီး လူတစ်ယောက်၏တန်ဖိုးက အဆုံးသတ်သွားခြင်း မဟုတ်ပါ။ ပင်စင်နာတစ်ဦးသည် မိမိဘာသာရပ်အတွေ့အကြုံ၊ တတ်ကျွမ်းမှုများအရ ကဏ္ဍအသီးသီးတွင် ပါဝင်သင့်ပါသည်။

လူတစ်ယောက်သည် စားဝတ်နေရေးတွင်သာမက 'ငါ့ကို လိုအပ်နေသေးတယ်'လို့ ခံစားရဖို့လည်း လိုအပ်ပါသည်။ ယင်းခံစားချက်ပျောက်သွားလျှင် အထီးကျန်မှု၊ စိတ်ဓာတ်ကျမှု၊ မိမိကိုယ်ကို အားမလိုအားမရဖြစ်မှုတွေ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုဖြစ်သော်လည်း အသုံးဝင်နေဆဲဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် ခံယူထားသင့်သကဲ့သို့ ပတ်ဝန်းကျင်ကလည်း လက်ခံပေးသင့်ပါသည်။

လူငယ်ဘဝမှာ ငွေရှာ၊ ရာထူးရှာ၊ ကျော်ကြားမှုရှာဆိုသည့် စိတ်က ပိုအားကောင်းပါသည်။ အသက်ကြီးလာသည့်အခါ ငြိမ်းချမ်းမှု၊ မေတ္တာ၊ ခွင့်လွှတ်မှု၊ ဉာဏ်ပညာများက ပိုတန်ဖိုးရှိလာပါသည်။ ဇရာက ဆုံးရှုံးခြင်းတစ်ခုမဟုတ်ဘဲ ရင့်ကျက်ခြင်းတစ်ခုလည်း ဖြစ်ပါသည်ဆိုသည့်သဘောမျိုးကြည့်ဖို့ လိုအပ်ပါသည်။ 'အိုနာ'ဟု ဆိုလိုက်လျှင် အားနည်းသွားသည့်ပုံရိပ်ကို ဖော်ပြနေသကဲ့သို့ ဖြစ်ပါသည်။ တကယ်တော့ သက်ကြီးရွယ်အိုဆိုသည်မှာ 'အချိန်ရဲ့သက်သေ၊ သမိုင်းရဲ့သက်သေ၊ အတွေ့အကြုံရဲ့သက်သေ၊ မျိုးဆက်တစ်ခုနှင့်တစ်ခုကို ဆက်ပေးသောတံတားဖြစ်သည်' ဆိုခြင်းကို လူ့အဖွဲ့အစည်းက မြင်လာလျှင် သက်ကြီးရွယ်အိုများ၏ ဂုဏ်သိက္ခာသည် ပိုမိုမြင့်မားလာပါလိမ့်မည်။

သက်ကြီးရွယ်အိုကို ဂုဏ်ပြုသည့် လူ့အဖွဲ့အစည်းသည် အတိတ်ကို လေးစားသည့် လူ့အဖွဲ့အစည်းဖြစ်ပြီး အတိတ်ကို လေးစားသည့် လူ့အဖွဲ့အစည်းကသာ အနာဂတ်ကို တာဝန်ယူတည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ဤသို့ဆိုပါလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော ပင်စင်စားများသည် ယနေ့အချိန်တွင်လည်း မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက် အတွေ့အကြုံ၊ ဉာဏ်ပညာနှင့် အကျင့်စာရိတ္တတို့ကို ဆက်လက်မျှဝေနိုင်သော အဖိုးတန်လူ့အရင်းအမြစ်များအဖြစ် အမြင်ရှိသင့်ပါသည်။ ပင်စင်စားများသည် ဂုဏ်သိက္ခာ (Dignity)၊ လုံခြုံမှု(Security)၊ တန်းတူညီမျှမှု(Equality)နှင့် လူမှုရေးပါဝင်ခွင့်(Participation)တို့ကို အပြည့်အဝရသင့်ကြောင်း နိုင်ငံတော်က စဉ်းစားဆောင်ရွက်သင့်ပါသည်။

မိမိတို့အသိုက်အဝန်းရှိ
ပင်စင်စား သက်ကြီးရွယ်အိုများကို
လေးစားမှုဖြင့် ဆက်ဆံခြင်း၊
ဆုံးဖြတ်ချက်များတွင်
ပါဝင်ခွင့်ပေးရေး၊
အတွေ့အကြုံများကို နားထောင်ခြင်း၊
အထီးကျန်မှုမဖြစ်စေရန်
ဂရုစိုက်ပေးခြင်း၊
ပြုစုစောင့်ရှောက်ခြင်းနှင့်
လွတ်လပ်မှုကို
ဟန်ချက်ညီစေခြင်းတို့ကို
တာဝန်ယူသင့်ပါသည် ...

- ပင်စင်စားများ ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ရေး
- ပင်စင်စနစ်ကို လူနေမှုစရိတ်နှင့် လိုက်လျောညီထွေဖြစ်စေရန် အချိန်နှင့်အမျှ ပြန်လည်သုံးသပ်ရေး
- ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ စိတ်ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီစေရေး
- အငြိမ်းစားများ၏ အတွေ့အကြုံကို အသုံးချနိုင်သော စေတနာ့ဝန်ထမ်း၊ အကြံပေးနှင့် သင်တန်းပို့ချရေး အစီအစဉ်များ ဖန်တီးပေးရေး
- သက်ကြီးရွယ်အိုနှင့် ပင်စင်စားများအပေါ် အသက်အရွယ်အခြေပြု ခွဲခြားဆက်ဆံမှုမဖြစ်စေရန် လူမှုရေးအသိပညာကို မြှင့်တင်ပေးရေးတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

မိသားစုများကို အကြံပြုလိုသည်မှာ မိမိတို့အသိုက်အဝန်းရှိ ပင်စင်စား သက်ကြီးရွယ်အိုများကို လေးစားမှုဖြင့် ဆက်ဆံခြင်း၊ ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ပေးရေး၊ အတွေ့အကြုံများကို နားထောင်ခြင်း၊ အထီးကျန်မှုမဖြစ်စေရန် ဂရုစိုက်ပေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် လွတ်လပ်မှုကို ဟန်ချက်ညီစေခြင်းတို့ကို တာဝန်ယူသင့်ပါသည်။

ရပ်ရွာ၊ ဘာသာရေးအဖွဲ့အစည်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့သည်လည်း ပင်စင်စားများ ပါဝင်နိုင်သော၊ လူမှုရေးလှုပ်ရှားမှုများ ဖန်တီးပေးခြင်း၊ လူငယ်နှင့် သက်ကြီးရွယ်အိုချိတ်ဆက်ရေး အစီအစဉ်များကို အားပေးခြင်း၊ အသက်ကြီးသူကို ဝန်ထုပ်ဝန်ပိုးအဖြစ်မမြင်ဘဲ လူ့အရင်းအမြစ်အဖြစ် တန်ဖိုးထားခြင်းများကို တာဝန်ယူဆောင်ရွက်ပေးသင့်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ပင်စင်စားများအနေဖြင့်လည်း မိမိတို့ကျန်းမာရေးကို တတ်နိုင်သမျှ ဂရုစိုက်ရပေမည်။ လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ ထို့မှမက တစ်သက်တာသင်ယူလိုစိတ် မပျောက်စေရေးအတွက် ခေတ်နှင့်အညီ လိုက်ပါနေထိုင်သင့်ပါသည်။ မျိုးဆက်သစ်များကို အတွေ့အကြုံမျှဝေပေးလျက် လူမှုရေးတွင် တတ်နိုင်သမျှ ဆက်လက်ပါဝင်ခြင်းဖြင့် မေတ္တာ၊ သည်းခံမှု စသည့် စံနမူနာကောင်းများကို လက်ဆင့်ကမ်းပေးသင့်ပါသည်။

နိဂုံးချုပ်အားဖြင့် ပင်စင်နာ (Pensioner)အငြိမ်းစားပင်စင်ရရှိသူသည် အလုပ်အကိုင်၏ အဆုံးမဟုတ်၊ ဂုဏ်သိက္ခာရှိသော နိုင်ငံသားဘဝရဲ့ ဆက်လက်ရှင်သန်မှုသာဖြစ်ပါကြောင်း မိမိခံစားတွေ့ကြုံရမှုများကို ပြန်လည်မျှဝေလိုက်ရပါသည်။

**အောင်စိုး(လူမှုဝန်ထမ်း)**

## နည်းပညာနှင့် လူ့စွမ်းရည်အဖြာဖြာအကြောင်း အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် AI နည်းပညာနှင့် လူ့စွမ်းရည် အဖြာဖြာအကြောင်း အသိပညာ ပေးဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့သည်။




အသိပညာပေး ဆွေးနွေးပွဲ (Talk Show)တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ကျွမ်းကျင်-၃ ရုပ်သံ ဒေါ်မိုင်စန်းသီတာဌေးတို့က ဒီကနေ့ခေတ်နည်းပညာအကြောင်း၊ အနာဂတ်လူသားတို့ရဲ့ လုပ်ငန်းနယ်ပယ်အသီးသီးမှ AI အသုံးပြုနည်းပညာများ အစားထိုးလာပုံများအကြောင်း၊ AI အသုံးပြုမှုရဲ့ နောက်ဆက်တွဲဆိုးကျိုးများနှင့် ချိန်ဆအသုံးပြုရန် လိုအပ်ပုံများအကြောင်း၊ နည်းပညာခေတ်ကြီးမှာ AI ကို ဘယ်လိုကဏ္ဍတွေအထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည့်အကြောင်း၊ AI နည်းပညာအသုံးပြုမှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် သတိပြုထိန်းသိမ်းကာကွယ်သင့်သည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ နည်းပညာနှင့် လူ့စွမ်းရည်အဖြာဖြာအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show) အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် pageတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**မြို့သစ် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက လယ်ပြင်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(မြို့မ)၌ ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမျက်ချယ်က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ယခုကာလတွင် ဖြစ်ပွားတတ်သည့် မုန်တိုင်းဘေးအန္တရာယ်၊ ရေဘေးအန္တရာယ်၊ မြေပြိုဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်နှင့် ငလျင်ဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များကို အသိပညာပေး ဟောပြောခဲ့သည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဗဟုသုတဆိုင်ရာ မေးခွန်းများ မေးမြန်းဆွေးနွေး၍ ဘောလ်ပင်များလက်ဆောင်ပေးခြင်း၊ မုန့်ထုပ်များဝေ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင် ရှစ်မျိုးကို ကျောင်းသားကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရေးအတွက် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

### ရေချိုတာရေး နည်းလမ်းများ

- * ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- * ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- * အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- * အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- * ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။




## လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ကန့်ဘလူ ဩဂုတ် ၃၀**

ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်မင်းထွန်း ဦးဆောင်ပြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ထာဝရခန်းမ၌ ကျင်းပခဲ့သည်။

လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် အ·ထ·က(၂)ကျောင်း အုပ်ဆရာမကြီး ဒေါ်မင်းမင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိသင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အ·ထ·က(၂)မှ ကျောင်းသူများက လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စိတ်သဘာဝ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စည်းကမ်းနှင့် လူငယ်နှင့်အားကစားစသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး စာအုပ်၊ စာစောင်၊ နံရံကပ်စာစောင်များအား တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ယာပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

### စကားပြောရာ ဆင်ခြင်ပါ

* လောကဝယ် မေတ္တာထား
သူတစ်ပါး အကျိုးကွယ်၊
နေ့တိုင်းလေ အစဉ်တွေး
ပြောကြားပေးမယ်။

* အကျိုးမရှိ အပြစ်ပိုတယ်
နားဝင်ချို ဆိုစကား၊
မပြောခင် ဆင်ခြင်တွေး
ဝေးဝေးရှောင်ရှား။

* မှသားမပါ လက်ာမချောစကား
သကာနှောတဲ့ စကားဆိုး
ပျားရည်နှယ် ချိုမြတော့
မပြောစေလို။

* သူတစ်ပါးအကျိုးကို
အမျိုးလိုမြင် ပြောကြားမှ၊

* ဘဝဝယ် လျှောက်သောလမ်း
အေးချမ်းသာစွ။

* ဘဝဝယ်သံသရာဘေးက
လွတ်မြောက်ဆေးပြုရလျှင်၊

* ဗုဒ္ဓရယ် ချမှတ်ထားတဲ့
စကားလမ်းစဉ်။

* သူ မကြိုက် မပြောစေချင်
ချစ်သဒ္ဒါကြွယ် လမ်းပြပေး၊
မေတ္တာမှန် ရောင်ပြန်ဟပ်လို့
မြင့်မြတ်စိတ်မွေး။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**



## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်အမှတ်(၄၀) မြေကွက်သည် ဦးခင်မောင်အေး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ တောင်အစွန်ဆုံး၏ မြောက်ဘက်ခြမ်းပေ(၁၅×၄၀) အကျယ်အဝန်းရှိသောည မြေနှင့်အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ဖြူဖြူဝင်းထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**

**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၉)၊ ဦးပိုင်အမှတ်(၇၀-ခဲစင်းတောင်ခြမ်း)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြားရှိ ဒေါ်ခင်ဆွေ အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးဝင်းလှိုင်က တရားပြိုင် ဒေါ်ခင်ဆွေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် ၊ တရားမကြီးမှုအမှတ်(၁၁၇/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ရဒီကရီရရှိသူ ဦးဝင်းလှိုင်(၉/မနမ(နိုင်)၀၅၁၉၁၇) ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်နံပါတ်(၂၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးတင်အေး အမည်ပေါက် ဂရန်မြေကွက်၏အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက် နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မေဇာဇာလွင်(ဘ) ဦးတင့်လွင်(၉/မဟမ(နိုင်)၀၄၄၅၁၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသဇင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အေးနန္ဒာထွန်း(LL.B)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်မာလာစိုး(LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉)၊ ဦးပိုင်နံပါတ်(၅၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒုတက လှအေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်မျိုးဇော်(ဘ)ဦးဝင်းဖေ(၉/ပကခ(နိုင်)၀၁၅၈၄၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသဇင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ — **ဦးဖြိုးသာခန့်(LL.B)** အထက်တန်းရှေ့နေ — **ဦးစည်သူအောင်(LL.B)** အထက်တန်းရှေ့နေ — **ဒေါ်သဲမှုံမှုံထွန်း(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၁)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်မျိုး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်၊ ကိုယ်စားလှယ်လွှဲစာအဆက်ဆက်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးဇော်မင်းအောင်(ဘ)ဦးညွန့်ဝေ(၅/မမတ(နိုင်)၀၅၂၉၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများ၊ စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဒေါ်စန္ဒီသန့်ဇင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**(၅၆-B)လမ်းသွယ်၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊**

## အများသိစေရန် ကြေညာခြင်း

မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၈/က-ကျီကုန်း)၊ ဦးပိုင်အမှတ်(တိုးချဲ့-၂/၃၀)၊ မြေကွက်အမှတ်(၁၄၂+၁၄၃)၊ ဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ဆွေ အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း မြေကွက်အမှတ်(၁၄၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဒေါ်ခင်ဆွေထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူ(၉/မနတ(နိုင်)၀၁၀၃၉၅)(ဘ)ဦးသန်းမောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘာတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါက်တာဦးကျော်ဝင်း(မန်းနေးဂျင်းဒါရိုက်တာ)၊ 'မန်းမြေရာစာ'ကုမ္ပဏီလီမိတက်**

**တိုက်၊ခြံ၊အိမ်၊မြေရောင်းဝယ်ရေးနှင့်မြေအကျိုးတော်ဆောင်လုပ်ငန်း**

**အမှတ်(၅၆)၊ ၇၂လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၇၁၇၄၈၂၃၇၊ ၀၉-၄၀၀၄၆၅၇၆၄၊ ၀၉-၇၇၇၅၅၅၄၁၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၄)၊ ဦးပိုင်နံပါတ်(၄၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (၃၀×၄၅×)ပေ အကျယ်အဝန်းရှိ ဦးသိန်းအောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ညိုလှဲ့ထွန်း(ဘ)ဦးသန်းထွန်း(၉/ခအဇ(နိုင်)၀၁၃၉၃၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသဇင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်နံပါတ်(၁၀၂-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေမီထွန်း(ဘ)ဦးသန်းလွင်(၉/အမဇ(နိုင်)၀၃၆၇၀၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသဇင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ — **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်သဲမှုံမှုံထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ)၊ ဦးပိုင်နံပါတ်(၆၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ တသ မနားအောင် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းသက်နောင်ဦး(ဘ)ဦးသိန်းအောင်(၁၃/တကန(နိုင်)၁၈၉၇၅၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသဇင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မိတ္ထီလာမြို့(၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**မိတ္ထီလာ ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့(၁၄၃)ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၁၉ ရက်မှ ၂၉ ရက်အထိ ဘုရားပွဲဈေး တန်းအရောင်းဆိုင်များ၊ ချားရဟတ်များ၊ မြန်မာ့ရိုးရာလောင်း လှေပြိုင်ပွဲနှင့် ဆွမ်းသပိတ် လောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော် ဈေးဆိုင်ခန်းများနှင့် ပျော်ပွဲရွှင်ပွဲများကို ယမန်နှစ်က နေရာချထားပေးသည့် ဖောင်တော်ဦးစေတီတော်လမ်း၊ ဓမ္မသုခရွှေစည်းခုံစေတီအနီးနှင့် နန်းတော်ကုန်းရပ်ကွက်နှင့် မိတ္ထီလာမြောက်ကန်အနီး နေရာများတွင် စနစ်တကျ နေရာချထားပေးသွားမည်ဖြစ်သည်။ ဘုရားပွဲတော်လာရောက်လည်ပတ်သူများ အေးချမ်းပျော်ရွှင်စွာလည်ပတ်သွားလာနိုင်ရေးအတွက် ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ သက်ဆိုင်ရာဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ စသည့်ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဘုရားပွဲတော်ကာလတွင် သီရိမင်္ဂလာရပ်ကွက်ရှိ အောင်မင်္ဂလာခန်းမတွင် အောင်ဇမ္ဗူဓာတ်သဘင်အဖွဲ့မှ လာရောက်ကပြဖျော်ဖြေမည်ဖြစ်သည်။ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် နှစ်စဉ်မပျက် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲအား အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲအမျိုးအစားခွဲခြားကျင်းပမည်ဖြစ်ပြီး အဆိုပါလှေပြိုင်ပွဲသို့ မိတ္ထီလာမြို့ပေါ်ရပ်ကွက်များနှင့် မိတ္ထီလာကန်အနီးရှိ လူးခင်းကြီး၊ နွားစမ်းတောင်၊ အင်းပက်လက်၊ အုတ်နဲ့ဘုတ်စသည့်ကျေးရွာများမှ ပြိုင်ပွဲဝင်လှေအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(၄၅၃)

၀-၀-၀-၀-၀

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇောနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူနှင့် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြိုဆိုဂုဏ်ပြုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကိုနေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့် လည်းကောင်း၊ ဘင်ခရာတီးဝိုင်းများ၊ အိုးစည် ဒိုးပတ် အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပလျက်ရှိရာ ယနေ့တွင် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ကြသည်။



အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို

စာမျက်နှာ ၄ သို့ ❁

## ရန်ကုန်ယူနိုက်တက်အသင်းက စစ်ကိုင်းအသင်းကို အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်ယူနိုက်တက်အသင်းသည် M League 2026-2027 အဖွင့်ပွဲစဉ်အဖြစ် Yangon United Sports Complex တွင် စစ်ကိုင်းယူနိုက်တက်အသင်းကို လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် မောင်မောင်လွင်၊ ပွဲချိန်မိနစ်(၉၀+၃)မိနစ်တွင် မူစတာဖာတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ရန်ကုန်ယူနိုက်တက်အသင်း M League ပွဲစဉ်(၂)အဖြစ် လာမည့် စက်တင်ဘာ ၄ ရက်တွင် ချင်းလန်းအသင်းနှင့် စတားစီးတီးကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(NGB)**

